# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊ | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၄ |
| ၆ | (က) ဦးစောထွန်း၊ မုဒုံ မဲဆန္ဒနယ်၏ မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ ကြို့ပင်ကောက်မြို့နယ်၊ မြို့ပေါ်အထက်တန်းကျောင်း(၃)ကျောင်းအနက် ဝိဇ္ဇာ ဘာသာတွဲ သင်ကြားပေးနိုင်မည့် အထက်တန်းကျောင်းကို လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ စီမံဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | (ဂ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ နွေရာသီကျောင်းပိတ်ရက် အချိန်များကို လူငယ်များ ကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေး အတွက် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အနုပညာအားကစားတို့ကို အခြေခံသော ပညာရပ်ဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၉ | (ဃ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ ကျွန်းစုမြို့နယ်၊ ညောင်ဘီး ကျေးရွာအုပ်စု (အ.ထ.က)ကျောင်းအား ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အထက်တန်း စာစစ်ဌာနအဖြစ် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၄ |

| | | |
|---|---|---|
| ၁၀ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် "ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့် ဘတ်ဂျက် ထည့်သွင်း လျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း- | ၁၆ |
| ၁၁ | အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ | ၂၈ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက် မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၃၅ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၁၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁–၂–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစောထွန်း၊ မုဒုံ မဲဆန္ဒနယ်၏ **မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်း အဖြစ်သို့ အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးငွေမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက် မြို့နယ်၊ မြို့ပေါ်အထက်တန်းကျောင်း(၃)ကျောင်းအနက် ဝိဇ္ဇာ ဘာသာတွဲ သင်ကြားပေးနိုင်မည့် အထက်တန်းကျောင်းကို လာမည့် ၂၀၁၇–၂၀၁၈ ပညာသင်နှစ်မှစ၍ စီမံဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **နွေရာသီကျောင်းပိတ်ရက် အချိန်များကို လူငယ်များ ကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေး အတွက် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အနုပညာအားကစားတို့ကို အခြေခံသော ပညာရပ်ဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ ညောင်ဘီး ကျေးရွာအုပ်စု (အ.ထ.က)ကျောင်းအား ၂၀၁၆–၂၀၁၇ ခုနှစ်တွင် အထက်တန်း စာစစ်ဌာနအဖြစ် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့် ဘတ်ဂျက် ထည့်သွင်း လျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

(ဂ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဃ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၊

(င) ဒေါ်ဝင့်ဝါထွန်း၊ ရွာတော မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၅၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါ တယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦးရှိပါတယ်ရှင်။ ခွင့်ပန်ကြား သူများကတော့-

(၁) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၂ ရက်၊

(၂) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၄ ရက်၊

(၃) ကုန်ကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)မြင့်ဆွေ ခွင့် ၁၁ ရက်၊

(၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၄ ရက်၊

(၅) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၆) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၄ ရက်၊

(၇) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၈) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၄ ရက်၊

(၁၀) ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ခွင့် ၁ ရက်၊

(၁၁) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၂ ရက်၊

(၁၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၂ ရက်၊

(၁၃) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၈ ရက်၊

(၁၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၁၅) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၈ ရက်၊

(၁၆) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၁၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၂ ရက်၊

(၁၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊

(၁၉) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၃ ရက်၊

(၂၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊

(၂၁) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၄ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ခွင့် ၄ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၄ ရက်၊

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွဋ် ခွင့် ၄ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၄ ရက်၊

(၂၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၄ ရက်နှင့်

**မူကြမ်း**

(၂၉) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ရှင်။ ယခင်က ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောထွန်း(မုဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်မေးမြန်းလိုသည့်မေးခွန်းကတော့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်ကာလတွင် စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော့ပရံကျေးရွာသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ် ကွင်းပိုင်းရွာကြီးဖြစ်ပြီး အိမ်ခြေ ၉၉၅ လုံး၊ လူဦးရေ ၅၂၉၀ ရှိပြီး ပေါက်ဝန်ကြီးကျေးရွာလေးရွာထက် စီးပွားရေး၊ လူမှုရေး၊ ပညာရေးအစစဖွံ့ဖြိုးတိုးတက်သောရွာကြီးတစ်ရွာလည်းဖြစ်ပါတယ်။ ယခုလက်ရှိ အ.ထ.က (ခွဲ) ကျောင်းမှာအခြေစိုက်ပင်မကျောင်းဆောင်ဖြစ်ပြီး ကျောင်းဝင်း ၃.၂၀ ဧက၊ ကျောင်းမြေအကျယ်အဝန်းစုစုပေါင်း ၅.၅ ဧက၊ အလျား ၉၉၀ ပေ x အနံ ၆၆၀ ပေ အုတ်တံတိုင်းကာရံထားပြီး ကစားကွင်း၊ ကျောင်း စိုက်ကွင်း၊ ကွက်လပ်မြေ၊ ကျောင်းမှာအလျား ပင်မဆောင် ၁၅၂ ပေ x ၂၂ ပေ x ၂၄ ပေ၊ အလျား ၁၅၀ ပေ x ၃၀ ပေ x ၁၄ ပေ နှစ်ဆောင်နဲ့ အလျား ၈၀ ပေ x ၃၀ ပေ x ၁၄ ပေ တစ်ဆောင်၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းစာသင်ခန်း ၂၄ ခန်းရှိပြီး အကျယ်အဝန်းမှာ ၃၀ ပေ x ၂၀ ပေ ၁၂ ခန်း၊ ၂၀ ပေ x ၂၀ ပေ ၁၂ ခန်းရှိပါသည်။ ဆရာစားပွဲလုံးရေ ၄၀၊ ဆရာကုလားထိုင်လုံးရေ ၅၀၊ ကျောက်သင်ပုန်း ၂၅ ချပ်၊ ခုံအပြည့်အစုံ ၁၄၀ စုံ၊ ခုံအနိမ့်ရှည် ၈၀ စုံ၊ စာရေးခုံ ၂၄ စုံ၊ ကွန်ပျူတာခန်းရှိပါသည်။

ကျောင်းသားအချိုး ၁း၂၇ နှင့် ဆရာနဲ့စာသင်ခန်းအချိုး ၁း၁၂ ဖြစ်ပါသည်။ သောက်သုံးရေ အဝီစိတွင်းရှိပါသည်။ အိမ်သာ ၁၇ ခန်းနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပဉ္စမတန်းမှ အဋ္ဌမတန်းထိကျောင်းသားဦးရေ ၃၃၈ ဦး၊ မူလတန်းအဆင့်သူငယ်တန်းမှစတုတ္ထတန်းထိကျောင်းသားဦးရေ ၃၂၀ ဦး၊

မူကြမ်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်းမှဒသမတန်းထိ ကျောင်းသားဦးရေစုစုပေါင်း ၈၅၀ ဦး ရှိပါ၍ အနီးရှိရွာချင်းဆက်ကျေးရွာများမှ လာရောက်ပညာသင်ကြားကြသည့် ကျောင်းသားများ အတွက် အလှမ်းဝေးသော မုဒုံမြို့သို့ သွားရောက်ပညာသင်ကြားရေး များစွာခက်ခဲနေပါ၍ လက်ရှိ ကော့ပရံကျေးရွာ အ.ထ.အ (ခွဲ)ကျောင်းကို အ.ထ.က ကျောင်းအဖြစ်သို့ တိုးမြှင့်ချမှတ်ပေးပါရန် အမှန် တကယ်လိုအပ်နေပါ၍ ယခုကဲ့သို့မေးမြန်းတင်ပြရခြင်းဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာ ခြင်း၊ စိတ်၏ချမ်းသာခြင်းပြည့်စုံပါစေကြောင်း ရှေးဦးစွာမေတ္တာပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(၁၁)ရက်မြောက်နေ့မှာ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီး ဦးစောထွန်းရဲ့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိမေးခွန်း နှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးရာမှာ သတ်မှတ်မှုများနှင့်ကိုက်ညီတဲ့ အခြေခံပညာကျောင်းပေါင်း ၉၃၇ ကျောင်း၊ ကိုက်ညီရန်လိုအပ်ချက် ရှိသော်လည်းပဲ ဖြေလျှော့ပြီးမှအဆင့်တိုးမြှင့်ခဲ့တဲ့ အခြေခံပညာကျောင်းပေါင်း ၂၃၇၅ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၃၃၁၂ ကျောင်းကို အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ အဆိုပါအဆင့်တိုးမြှင့်မှုတွင် မုဒုံမြို့နယ်မှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း သုံးကျောင်း အဆင့်တိုးမြှင့်ခဲ့ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီး ဌာနအနေနဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်း ခွင့်ပြုချက် (Sanction) ရရှိအဆင့်တိုးမြှင့်နိုင်ရန် သတ်မှတ်ချက်မူပိုင် အထက်တန်းအဆင့်သင်ကျောင်းသား

ကျောင်းသူပေါင်း ၂၀၀ ဦးရှိရန်ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ သက်တမ်းမှာ ခုနစ်နှစ်ခွဲရှိပြီး စုစုပေါင်း အထက်တန်းဆင့်သင်ပေါင်း ကျောင်းသားကျောင်းသူ ၁၉၂ ဦးရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်ကို ရရှိပြီး ဖြစ်တဲ့အတွက် အခြေခံပညာအထက်တန်းပညာကိုလည်း သင်ယူနိုင်သောအခွင့်အလမ်းရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

ဒါ ကော့ပရံကျေးရွာ အ.ထ.က(ခွဲ)ရဲ့အခြေအနေဖြစ်ပါတယ်။ ဒီတင်ပြပါ ကျွန်တော်တို့ Educational Management Information System အရ မြေပုံမှာ ကျွန်တော်တို့ကျောင်းများနဲ့ ကျောင်းတည်နေရာများ၊ ကျောင်းသိပ်သည်းဆများကို မြေပုံပေါ်မှာတင်ပြခြင်းဖြစ်ပါတယ်။ ဒါမုဒုံ မြို့နယ်ရဲ့အခြေအထားဖြစ်ပါတယ်။ ဒီမွန်ပြည်နယ်၊ ကော့ပရံကျေးရွာအခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၁၉၂ ဦးရှိသည့်အတွက် အပိုဒ် ၂ ပါ သတ်မှတ်မှုနှင့် ကိုက်ညီဖို့ လိုအပ်သေးသော်လည်း ယခင်ကျွန်တော်တင်ပြခဲ့သလို ဖြေလျှော့ပြီး ဆောင်ရွက်ပေးရင်တော့ ဆောင်ရွက်လို့ရပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် စိစစ်တဲ့နေရာမှာ ပင်မကျောင်းနှင့်အကွာအဝေး သွားလာရေးခက်ခဲမှု၊ ကျေးရွာအုပ်စုများတည်ရှိမှုအခြေအနေအရ သင်ယူ မှုအခွင့်အလမ်းများကို ပိုမိုရရှိစေရန် အဆင့်တိုးမြှင်ဆောင်ရွက်ပေးလို့ ရပါတယ်။ သို့သော် Sanction ပေးပြီးတာနဲ့တစ်ပြိုင်တည်း လိုအပ်တဲ့စာသင်ဆောင်၊ လိုအပ်သောသင်ကြားရေဆရာ၊ လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဘဏ္ဍာငွေထည့်သွင်းတွက်ချက်ဖို့ လိုလာပါတယ်။

ဒါကြောင့်မို့လို့ ကော့ပရံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန်အတွက် သတ်မှတ်မှုများကို ဖြေလျှော့ပြီး ဆောင်ရွက် ပေးရင် ဒီကျောင်းအနေနဲ့လည်း ဒီဒေသတွင်း ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းအပ်နှံရေး ပူးပေါင်းဆောင်ရွက်ပေးဖို့လိုပါတယ်။ နောက်တစ်ခါ ဒီကျောင်းသားကျောင်းသူတိုင်း ပညာရည် အဆင့်အားလုံးကိုပြီးမြောက်အောင်သင်ကြားနိုင်ပြီး ကျောင်းတက်နှုန်းမလျော့ကျအောင် ဝိုင်းဝန်းကူညီ ဖို့လိုပါတယ်။ နောက်ဒေသတွင်းရှိ ဆရာဆရာမများကလည်း အတန်းတွင်းရှိ ကျောင်းသားကျောင်းသူ များ သင်ယူတတ်မြောက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သလို ကျောင်းသားကျောင်းသူများ ကလည်း အိမ်စာမှန်မှန်လုပ်ခြင်း၊ သင်ခန်းစာများလေ့လာကျက်မှတ်ခြင်း၊ ကျောင်းသန့်ရှင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများစသည်တို့မှာ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ နောက်တစ်ခါ ကျောင်းအဆင့် တိုးမြှင့်ပြီးတာနဲ့ ရရှိမယ့်ကျောင်းထောက်ပံ့ရေး၊ မိဘဆရာအသင်း၊ မိဘအုပ်ထိန်းသူ၊ ရပ်မိရပ်ဖ၊

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကပါ ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက အဆင့်တိုးမြှင့်ရန် စီစဉ်ပေးနိုင်ပါကြောင်းနှင့် ခွင့်ပြုချက်ဘဏ္ဍာရေးအခြေအနေရမှသာ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကြို့ပင်ကောက်မြို့နယ်၊ မြို့ပေါ်အထက်တန်းကျောင်း သုံးကျောင်းအနက် ဝိဇ္ဇာဘာသာတွဲ သင်ကြားပေးနိုင်မည့် အထက်တန်းကျောင်းကို လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ စီမံဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဌေးမင်းသိန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းလိုတဲ့အကြောင်းအရာကတော့ လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ် မြို့ပေါ်အထက်တန်းကျောင်းသုံးကျောင်းရှိသည့်အနက်မှ ဝိဇ္ဇာဘာသာတွဲကို သင်ကြားပေးနိုင်မည့် အထက်တန်းကျောင်းစီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်မှာဆိုလို့ရှိရင် အထက်တန်းကျောင်းလေးကျောင်းရှိပြီးတော့ အ.ထ.က(ခွဲ) ခြောက်ကျောင်းရှိပါတယ်။ အထက်တန်းအဆင့် ပညာသင်ကြားရာမှာ ဘာသာတွဲရှစ်တွဲရှိတဲ့အနက်မှာ မိမိနှစ်သက်ရာ၊ စိတ်ဝင်စားရာဘာသာတွဲကို ရွေးချယ်တက်ရောက်သင်ကြားကြပါတယ်။ သို့သော် မြို့ပေါ်အထက်တန်းကျောင်းအားလုံးမှာ သက်ဆိုင်ရာဝိဇ္ဇာဘာသာတွဲသင်ကြားပေးမည့် ဆရာဆရာမလိုအပ်ချက်ကြောင့် ဝိဇ္ဇာဘာသာတွဲသင်ယူခွင့် မရခဲ့ပါ။ အဋ္ဌမတန်းအောင်မြင်ပြီး နဝမတန်းသို့ မတက်ရောက်မီ ဘာသာတွဲရွေးစဉ်ကတည်းက မိမိနှစ်သက်ရာ၊ စိတ်ဝင်စားရာ၊ အားသာရာ ဝိဇ္ဇာဘာသာတွဲတက်ရောက်လိုသော်လည်း ရွေးချယ်ခွင့်မရခဲ့ပါ။ သို့ဖြစ်ပါ၍ လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ ကြို့ပင်ကောက်မြို့နယ် မြို့ပေါ်အထက်တန်းကျောင်းသုံးကျောင်းအနက် ဝိဇ္ဇာဘာသာတွဲသင်ကြားပေးနိုင်မည့် အထက်တန်းကျောင်း စီစဉ်ဆောင်ရွက်ပေး

နိုင်ပါရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဌေးမင်းသိန်းရဲ့မေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ် မြို့ပေါ်အထက်တန်းကျောင်းသုံးကျောင်းအနက် ဝိဇ္ဇာဘာသာတွဲ သင်ကြားပေးနိုင်မည့် အထက်တန်း ကျောင်းကို လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ စီမံဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုခွင့်ပေးရန် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲခြောက်ကျောင်း ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာ သင်နှစ်၌ တက္ကသိုလ်ဝင်တန်းဘာသာတွဲ အတွဲ(၁)မှာ ကျောင်းသားကျောင်းသူဦးရေ ၆၁၁ ဦး၊ အတွဲ(၂)တွင် ၈၁ ဦး၊ အတွဲ(၇)တွင် ၅၃ ဦးရှိပြီး စုစုပေါင်း ကျောင်းသားကျောင်းသူ ၇၅၄ ဦးရှိပါ ကြောင်း တင်ပြပါတယ်။ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲခြောက်ကျောင်းတွင် ဘာသာတွဲ(၂) ဝိဇ္ဇာ ဘာသာတွဲသင်ယူသူကျောင်းသားကျောင်းသူများမှာ ကြို့ပင်ကောက်အခြေခံအထက်တန်းကျောင်း တွင် နှစ်ဦး၊ ရွှေပန်းတောအခြေခံပညာအထက်တန်းကျောင်းတွင် ၄၉ ဦး၊ လယ်တီအခြေခံပညာ အထက်တန်းကျောင်းတွင် ၃၀ ဦး စသည်ဖြင့် စုစုပေါင်း ဝိဇ္ဇာဘာသာတွဲ သင်ယူသူ ၈၁ ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပန်းတင်အခြေခံပညာအထက်တန်းကျောင်းနှင့် ကျုန်အခြေခံပညာအထက်တန်း ကျောင်းခွဲခြောက်ကျောင်းတို့မှာ ဘာသာတွဲ(၂)ဝိဇ္ဇာဘာသာတွဲသင်ယူသူမရှိပါကြောင်း စိစစ်တွေ့ရှိရ ပါတယ်။ ဘာသာတွဲ(၂) ဝိဇ္ဇာဘာသာတွဲ သင်ယူသူကျောင်းသားကျောင်းသူများကို သင်ကြားပေးနိုင် သော ဆရာဆရာမများမှာ ကြို့ပင်ကောက်အခြေခံပညာအထက်တန်းကျောင်းတွင် ငါးဦး၊ ရွှေပန်းတော

အခြေခံပညာအထက်တန်းကျောင်းတွင် ခြောက်ဦး၊ လယ်တီအခြေခံပညာအထက်တန်းကျောင်းတွင် ခုနစ်ဦး အသီးသီးရှိပြီး သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဋ္ဌမတန်းစာမေးပွဲအောင်မြင်ပြီး နဝမတန်းသို့ တက်ရောက်မည့် ကျောင်းသားကျောင်းသူများကို ဘာသာတွဲရွေးချယ်ရာမှာ မိမိတို့စိတ်ကြိုက်ရွေးချယ်မှုအခွင့်အလမ်း ပေးထားပါတယ်။ သို့ဖြစ်ပါ၍ ဝိဇ္ဇာဘာသာတွဲသင်ယူလိုသူ ကျောင်းသူကျောင်းသားတိုင်း ဝိဇ္ဇာ ဘာသာတွဲ သင်ကြားခွင့်ရရှိနေပါသဖြင့် ဝိဇ္ဇာဘာသာတွဲကို သီးခြားသင်ကြားမည့် အခြေခံပညာ အထက်တန်းကျောင်း ဖွင့်လှစ်ရန်အစီအစဉ်မရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**နွေရာသီကျောင်းပိတ်ရက်အချိန်များကို လူငယ်များ ကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အနုပညာအားကစားတို့ကို အခြေခံသော ပညာရပ်ဆိုင်ရာ အခြေခံ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော်က တော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များနှင့်သက်ဆိုင်သော သင်တန်းများ ဖွင့်လှစ်ပေး နိုင်ခြင်းအစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေရဲ့ ၁၇.၈၁ ရာခိုင်နှုန်းမှာ အသက် (၁၅) နှစ်နဲ့ (၂၄) နှစ်ရှိ လူငယ်များဖြစ်ပြီး လူဦးရေ ၂၇.၈ ရာခိုင်နှုန်းမှာ အသက် ၁၀ နှစ်နှင့် ၂၄ နှစ်အတွင်းရှိ လူငယ်နှင့်ဆယ်ကျော်သက်များ ဖြစ်ကြပါ တယ်။ အနာဂတ်ရဲ့ခေါင်းဆောင်များဟာ လူငယ်များဖြစ်တယ်လို့ ဆိုကြပါတယ်။ သို့သော်လည်းပဲ ဒီနေ့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာရှိတဲ့လူငယ်အများစုဟာ တက္ကသိုလ်ဝင်တန်းဝင်ခွင့်လျှောက်လွှာ များကို မိမိစိတ်ကူး၊ မိမိစဉ်းစားဉာဏ်နှင့် ရေးသွင်းခြင်းမဆောင်ရွက်နိုင်တဲ့လူငယ်တွေ အလုပ်ခေါ်စာ ကို မိမိစိတ်ကူး၊ မိမိရဲ့စဉ်းစားဉာဏ်နှင့် မရွေးချယ်၊ မဆောင်ရွက်နိုင်တဲ့ လူငယ်အများစုကို တွေ့ရှိနေ

ကြရပါတယ်။ လူငယ်များရဲ့ပတ်ဝန်းကျင်မှာ လောင်းကစား၊ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးတို့ကို လွယ်လွယ်ကူကူရရှိစေခြင်းနှင့် မသန့်ရှင်းသောပတ်ဝန်းကျင်၊ ဓလေ့စရိုက်များထွန်းကားနေခြင်းဟာ လည်း လူငယ်များရဲ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အားနည်းနေပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆို ရင် လူငယ်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရပါမယ်။ လူငယ်တွေကို အမှန်တကယ် တော်၊ တတ် သိမြင်တတ်သောလူငယ်များ ဖြစ်စေရေးကို အမှန်တကယ်လုပ်ဆောင်ကြရပါမယ်။ စေတနာမှန်သော် လည်း အရည်အချင်းမရှိ။ အရည်အချင်းရှိသော်လည်း စေတနာမမှန်။ စေတနာလည်းမမှန်၊ အရည် အချင်းလည်းမရှိ။ စေတနာလည်းမှန်၊ အရည်အချင်းလည်းရှိဆိုတဲ့ လူငယ်လေးမျိုးထဲမှာ စေတနာ လည်းမှန်၊ အရည်အချင်းလည်းရှိသော လူငယ်များဖြစ်ပေါ်လာစေရေးကို အစိုးရက လေ့ကျင့်ပျိုး ထောင်ပေးရန် လိုအပ်ပါတယ်။ ဒီနေ့ခေတ်လူငယ်များရဲ့ ပတ်ဝန်းကျင်ဟာ အင်မတန်ကြောက်စရာ ကောင်းပါတယ်။ ထိန်းကျောင်းခြင်းအားနည်းနေတဲ့ အရွယ်ရောက်လူငယ်အများစုရဲ့ ရှေ့ရေးမှာလည်း ရင်လေးဖွယ်ကောင်းလှပါတယ်။ လူငယ်များအားလုံးကို ကျောင်းတွင်းပညာရေးသာမကပဲ ကျောင်းပြင် ပညာရေးကဏ္ဍမှ ဘက်စုံလေ့လာသင်ယူနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန် အရေး တကြီးလိုအပ်နေပါတယ်။ လူငယ်ထုကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးပြဿနာများနှင့် ကူးစက်ရောဂါများလျော့ကျစေရန်၊ အသိပညာဗဟုသုတတိုးပွားစေရန်၊ အသင်းအဖွဲ့နှင့် လှုပ်ရှား ဆောင်ရွက်တတ်စေရန် စသောအသိပညာများကို ရရှိနိုင်စေရေးအတွက် အလယ်တန်းအဆင့်၊ အထက်တန်း အဆင့်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကျောင်းသားကျောင်းသူလူငယ်များအားလုံးကို နွေရာသီ ကျောင်းပိတ်ရက်များတွင် သင်တန်းများစနစ်တကျဆောင်ရွက်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကို အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ လူငယ်ဖွံ့ဖြိုးမှုညွှန်းကိန်းမှာ မြန်မာ နိုင်ငံမှာ နိုင်ငံပေါင်း ၁၇၀ မှာ အဆင့် (၁၃၄) တွင် ရောက်ရှိနေပါသောကြောင့် လူငယ်ဖွံ့ဖြိုး တိုးတက်ရေးကို ဂရုတစိုက်ဆောင်ရွက်သင့်ပါတယ်။ လူငယ်ထုအပေါ် ရင်းနှီးမြှုပ်နှံမှုဟာ လူငယ်တို့ရဲ့ ကောင်းကျိုးသက်သက်အတွက်သာမဟုတ်ဘဲ လူငယ်တို့နေထိုင်ရာ လူမှုအသိုက်အဝန်းအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၃ မှာ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြတ်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရပါမည်လို့ ဆိုပါတယ်။ သို့ဖြစ်ပါသောကြောင့် နွေရာသီကျောင်းပိတ်ရက် အချိန်များကို လူငယ်များ ကောင်းမွန် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အနုပညာအားကစားတို့ကို

အခြေခံသော ပညာရပ်ဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသောကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်က ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာမင်းသိန်းရဲ့မေးခွန်းဖြစ်တဲ့ နွေရာသီကျောင်းပိတ်ရက်အချိန်များကို လူငယ်များကောင်းမွန် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အနုပညာ၊ အားကစားတို့ကို အခြေခံသော ပညာရပ်ဆိုင်ရာအခြေခံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေး ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၏ နွေရာသီကျောင်းပိတ်ရက်အချိန်များကို လူငယ်များ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်ပြီး ကြက်ခြေနီသင်တန်းများ၊ နွေရာသီအားကစား သင်တန်းများ၊ အခြေခံကဗျာလွတ်အက၊ တယော၊ ပလွေ၊ ဘင်ခရာသင်တန်းများ၊ ပန်းချီသင်တန်းများ ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံ ကွန်ပျူတာသင်တန်းများ၊ ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာသင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် ခရိုင်အဆင့်/မြို့နယ်အဆင့်များအထိ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ အထူးအားဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်ပူပေါင်း၍ နွေရာသီ အခြေခံအားကစားသင်တန်းများကို ပြီးခဲ့သည့် ၁၉၇၀ ပြည့်နှစ်များကတည်းက တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် အားကစားနည်းခုနစ်မျိုး၊ ခရိုင်အဆင့်များတွင် အားကစားနည်းငါးမျိုး၊ မြို့နယ် အဆင့်များတွင် အားကစားနည်းသုံးမျိုး ဖွင့်လှစ်သင်ကြားပေးပါကြောင်း တင်ပြအပ်ပါတယ်။ နည်းပြ ဆရာနှင့် သင်တန်းသားအင်အားရရှိမှု အခြေအနေအပေါ်မူတည်ပြီး အားကစားနည်းများကို

တိုးမြှင့်ဆောင်ရွက်ပေးသည့်အပြင် နှစ်စဉ်အားကစားနည်းအရေအတွက်နှင့် သင်တန်းသားဦးရေ အရေအတွက် တိုးတက်များပြားလာပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်မှာ ၂၀၀၆ ခုနှစ် ကစ၍ အခြေခံပညာကျောင်းများတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ခရာတေးဒို၊ ဝူရှူး၊ ပြေးခုန်ပစ်၊ မြန်မာ့သိုင်း၊ တိုက်ကွန်ဒိုအစရှိတဲ့ အားကစားနည်း ရှစ်မျိုးကို နှစ်စဉ်မတ်လ ပထမအပတ်၌ သင်ကြားပေးလျက်ရှိရာမှာ ၂၀၁၆ ခုနှစ်အတွင်း သင်တန်းသားဦးရေ ၄၆၈၂ ဦး တက်ရောက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ရန်ကုန်မြို့မှာလည်း သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းညှိနှိုင်းပြီး အားကစားနည်း ၃၃ မျိုးကို နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် အတွင်း သင်တန်းသားဦးရေ ၅၂၆၂၁ ဦးထိ တိုးတက်များပြားစွာ တက်ရောက်လာပါကြောင်း တွေ့ရှိရ ပါတယ်။ ဒီသင်တန်းတက်တဲ့ ကျောင်းသားများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ နွေရာသီအခြေခံအားကစားသင်တန်း တက်ရောက်သည့် ကျောင်းသားကျောင်းသူဦးရေပေါ်မူတည်ပြီး အားကစားနည်းပြများ၊ အားကစားအထောက် အကူပစ္စည်းများ၊ ဝတ်စုံတီရှပ်များကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးပါကြောင်း တင်ပြအပ်ပါတယ်။ နွေရာသီအခြေခံအားကစားသင်တန်းတွင် ကျောင်းသားကျောင်းသူလူငယ်မောင်မယ်များ ယခုထက် ပိုမိုတက်ရောက်နိုင်စေရေးအတွက်လည်း အဆိုပါဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် အားကစားသာမက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အခြေခံ စိုက်ပျိုးရေးသင်တန်းများ၊ အာဟာရပြည့်စုံသော ဟင်းသီးဟင်းရွက်လက်တွေ့ စိုက်ပျိုးခြင်းသင်တန်း များကို စီမံချက်ရေးဆွဲတိုးချဲ့မည်ဖြစ်ပါကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး မြန်မာ့တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာသင်တန်းများ၊ မီးဖိုချောင်သုံးဆေးဖက်ဝင် ပစ္စည်းများအသုံးပြုနည်းသင်တန်းများ၊ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာအောင်နေထိုင်စားသောက် နည်းသင်တန်းများစသဖြင့် အသိပညာပေးဆောင်ရွက်မှုများကိုလည်း ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားပါရန် စီစဉ်ထားရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာအုပ်စု(အ.ထ.က)ကျောင်းအား ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အထက်တန်းစာစစ်ဌာနအဖြစ် ထားရှိပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာအုပ်စုတွင် ၂၀၁၇ ခုနှစ်တွင် အထက်တန်းစာစစ်ဌာန ရရှိရေးအတွက်ကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ မေးမြန်ရခြင်းအကြောင်းအရင်းမှာ ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာအုပ်စုတွင် စာစစ်ဌာနရရှိရေးအတွက်ကို ခရိုင်နှင့်မြို့နယ်ပညာရေးမှူးတို့မှာ အချက်(၁၁)ချက်ဖြင့်စိစစ်၍ ပြည့်စုံသဖြင့် မြန်မာနိုင်ငံစာစစ်ဌာန(ရန်ကုန်)မြို့သို့ ခရိုင်ပညာရေးဌာန၏ စိတ်/၆၃၀(စာစစ်)၁၀-၂၀၁၆ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၅-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊၉၀၀/၅-၂ ဦး-၆ အရ မြို့နယ်ပညာရေးမှူး၏ စိတ်၄၅၅၆/(စာစစ်)၁၀-၂၀၁၆ အရလည်းကောင်း အမှုတွဲတင်တောင်းခံထားပြီးဖြစ်ပါသည်။ အဆိုပါညောင်ဘီးကျေးရွာအုပ်စုသည် ကျွန်းစုမြို့နယ်စာစစ်ဌာနသို့ ရေမိုင်အားဖြင့် ၄၂ မိုင်ကွာဝေး၍ နေ့စဉ်စာမေးပွဲဖြေဆိုနိုင်ရန်အတွက် ရေလမ်းခရီးဖြင့် လှိုင်းဒဏ်၊ လေဒဏ် ကြမ်းတမ်းခက်ခဲစွာဖြင့် စာမေးပွဲကို သွားရောက်ဖြေဆိုရာတွင် ကြီးကြပ်သူ၊ အုပ်ချုပ်သူ ၂၀၀ လိုက်ပါလျက် လူဦးရေစုစုပေါင်း ၅၀၀ ကျော်မှာ လှေငါးစီးဖြင့် သွားရောက်ဖြေဆိုဆောင်ရွက်နေကြသည့်အတွက် ခရီးနွမ်းနယ်ပင်ပန်းခြင်း၊ အလုပ်အကိုင်ပျက်၍ သွားလာနေရခြင်း၊ တည်းခိုနေထိုင်ရေး အခက်အခဲနှင့်ငွေရေးကြေးရေးအခက်အခဲများကို ရင်ဆိုင်နေရပါသည်။

အဆိုပါညောင်ဘီးကျေးရွာတွင် အထက်တန်းစာစစ်ဌာနရရှိမည်ဆိုပါလျှင် ညောင်ဘီးကျေးရွာအုပ်စုမှာ ကျောင်းသားဦးရေအတွင်းဖြေ ၁၅၀ ဦး၊ အပြင်ဖြေ ၁၅ ဦး၊ မောင်းတော်ကျေးရွာအုပ်စုတွင် ၂၇ ဦး၊ သဇင်ကျေးရွာ (အ.ထ.က) တွင် ၆၉ ဦး၊ ပန်းစင်ကျေးရွာအုပ်စုတွင် အတွင်းဖြေ ၄၆ ဦးနဲ့ အပြင်ဖြေ ၁၀ ဦး စုစုပေါင်း ကျေးရွာအုပ်စုလေးအုပ်စုမှ ကျောင်းသား ၃၁၇ ဦးတို့သည် ၎င်းစာစစ်ဌာနတွင် သွားရောက်၍ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ညောင်ဘီးကျေးရွာ(အ.ထ.က)စာစစ်ဌာနအား ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အထက်တန်းစာစစ်ဌာနအဖြစ် ချပေးနိုင်ခြင်းရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒအရ မေးမြန်းပေးရခြင်း ဖြစ်ပါသည်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်တင်ရီရဲ့ မေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာ အုပ်စု(အ.ထ.က)ကျောင်းအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အထက်တန်းစာစစ်ဌာနအဖြစ် ချထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးရန် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် ယခုနှစ်အတွက် တစ်နိုင်ငံလုံးမှာ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနပေါင်းအသစ် ၁၄၂ ခုဖွင့်လှစ်ခွင့်ပြုရန် ၂၇-၁၂-၂၀၁၆ ရက်နေ့ ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခဲ့ပါတယ်။ ထိုသို့တင်ပြမှုမှာ အဆင့်ဆင့်သော စိစစ်မှုများအရ တင်ပြပါစာစစ်ဌာနအသစ် ၁၄၂ ခုအနက်မှ မေးခွန်းလွှာများ၊ အဖြေလွှာများအတွက် လုံခြုံမှုရှိရန်လိုအပ်ချက်ရှိနေသော စာစစ်ဌာနအဖြစ် အဆင့်သတ်မှတ်ပေးရန် မပြည့်စုံသောစာစစ်ဌာန ၆၅ ခုရှိပြီးတော့ စာစစ်ဌာနအဖြစ် ဖွင့်လှစ်ခွင့်ပြုရန် လုံခြုံမှုရှိကြောင်း ထောက်ခံတင်ပြတဲ့စာစစ်ဌာန ၇၇ ခုရှိပါတယ်။ သို့သော် ဒီ ၇၇ ခုကို ပြန်စိစစ်တဲ့အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ခံချက်မပေးသည့်အတွက် သုံးကျောင်းမှာပယ်ဖျက်ခဲ့ရပြီး နောက်ဆုံး အတည်ပြုချက်အနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ယခုလာမည့်တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအသစ်များဖြင့် ထပ်မံဖွင့်လှစ်ခွင့်ပြုဖို့ ၇၄ ခုဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးတဲ့ ညောင်ဘီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသည် မူလစိစစ်ချက်အရ လုံခြုံမှုလိုအပ်ချက်ရှိနေတဲ့စာစစ်ဌာန ၁၅ ခုစာရင်းတွင် ပါနေသည့်အတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ခွင့်မရရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီစာစစ်ဌာနတွေသည် တစ်ပြည်လုံးမှာ မည်သည့်စာစစ်ဌာနကဖြစ်စေ လုံခြုံမှုတစ်စုံတစ်ခု ကျိုးပေါက်ခဲ့ရင် တစ်ပြည်လုံးမှာ စာဖြေသူခုနစ်သိန်းခန့် ရှိပါတယ်။ သူတို့အတွက် အများကြီးထိခိုက်စေသော အကြောင်းတရားဖြစ်သည့်အတွက် လုံခြုံမှုကိုအထူးဂရုပြုရပါ

ကြောင်းနှင့် ဒီလွှတ်တော်အစည်းအဝေးမစခင်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျွန်တော်ရှင်းပြပြီး တော့ နောက်နှစ်မှာ ပါဝင်ခွင့်ရရှိနိုင်ရေးအတွက် ဒီလုံခြုံမှုအတွက်လိုအပ်တဲ့ ဒီမြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စာခန်းချစခန်းရရှိရေး ညှိနှိုင်းဆောင်ရွက်ဖို့သင့်ပါကြောင်း တင်ပြထားပါတယ်။ ခုနက မြေပုံမှာလည်း ဒီစာစစ်ဌာနတစ်ဝိုက်မှာရှိတဲ့ စာစစ်ဌာနနှင့် ကျောင်းများတည်နေရာကို တင်ပြထားပါတယ်။ အချုပ် အားဖြင့် ယခုနှစ်အတွက်ကတော့ စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် နောင်လာ မည့်နှစ်မှာတော့ သတ်မှတ်ချက်ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ညှိနှိုင်းပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ မေးခွန်းများကို ဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျပညာပေး အစီအစဉ်များပြုလုပ်ရန် ပြည်ထောင်စုအစိုးသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၆-၂-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့် ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျပညာပေးအစီအစဉ်များပြုလုပ်ရန် ပြည်ထောင်စုအစိုးရ သို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ငါးဦးရှိပါ တယ်။ ပထမဦးစွာ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီးများကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်း ဖြစ်ပါတယ်။ ပြည်သူ့

လွှတ်တော်ကို တင်သွင်းခဲ့တဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီး အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ မိမိတို့အစိုးရသစ်က ဦးဆောင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် မြန်မြန်ဆန်ဆန်လျှောက်လှမ်းနိုင်ဖို့ ပြည်သူလူထုအနေနဲ့ သိသင့်သိထိုက်တဲ့အကြောင်းအရာတွေကို ပညာပေးအစီအစဉ်ဖြင့် သက်ဆိုင်ရာဌာနအလိုက် သီးသန့်ဘတ်ဂျက်လျာထားပြီး ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ဖို့ ယခုအဆိုကို တင်သွင်းထားခြင်းဖြစ်ပါတယ်။ တင်သွင်းခဲ့တဲ့အဆိုတွေထဲမှာဆိုရင် စိုက်ပျိုးရေးနည်းပညာ၊ သစ်တောဥပဒေ၊ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကျန်းမာရေး၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု၊ အရက်သေစာသောက်စားမှုနှင့်သက်ဆိုင်တဲ့ကဏ္ဍအသီးသီးမှာ ပညာပေးအစီအစဉ်အနေနဲ့ သီးသန့်ဘတ်ဂျက်လျာထားသုံးစွဲပေးဖို့ တိုက်တွန်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းဖို့ ကြိုးပမ်းနေချိန်မှာ ပြည်သူလူထုကြီးရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းတံတား အစရှိတဲ့ကဏ္ဍတွေမှာ ဖြည့်ဆည်းပေးနိုင်ဖို့ တိုင်းပြည်ရဲ့ဘဏ္ဍာငွေ မြောက်မြားစွာ ကျခံသုံးစွဲနေရတာဖြစ်သလို တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေတာတွေကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့နဲ့ မလိုအပ်တဲ့ လေလွင့်ဆုံးရှုံးနေတဲ့ဘဏ္ဍာငွေတွေကို ကျွန်တော်တို့ လွှတ်တော်ပိုင်းကရော အစိုးရပိုင်းကပါ စနစ်တကျစိစစ်သုံးစွဲနေရတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အကြံပြုဆွေးနွေးလိုတာကတော့ ယနေ့ မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသများအထိ လျင်မြန်စွာပျံ့နှံ့လာတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ဖို့နဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွေကို ထိရောက်စွာဖမ်းဆီးအရေးယူအပြစ်ပေးနိုင်ဖို့အတွက် ပြည်သူလူထုကို ယခုထက်ပိုမိုပြီး ပညာပေးအစီအစဉ်များကို တိုးချဲ့လုပ်ဆောင်သင့်တယ်လို့ မြင်ပါတယ်။ ယခုလိုပညာပေးတဲ့နေရာမှာ ပြည်သူလူထုအပေါ်မှာ လွှမ်းမိုးနိုင်ပြီး ထင်ပေါ်ကျော်ကြားတဲ့ အနုပညာရှင်တွေရဲ့အကူအညီနဲ့ ပညာပေးဇာတ်လမ်းတွဲများကို ရိုက်ကူးပြီး ရုပ်သံမီဒီယာတွေကနေ စဉ်ဆက်မပြတ် ထုတ်လွှင့်ပြသကာ အချိန်မရွေးပြန်လည်ကြည့်ရှုနိုင်ရန် VCD အခွေများပါ အခမဲ့ဖြန့်ဝေပညာပေးဆောင်ရွက်နိုင်ဖို့ လိုပါတယ်။

**မူကြမ်း**

နောက်ပြီး ယနေ့ခေတ် လူငယ်ထုများကြားမှာ အသုံးပြုမှုများလာတဲ့ Social Media တွေဖြစ်တဲ့ Facebook ၊ Viber တို့လို Application တွေကနေ ပညာပေးဆောင်းပါးတွေ၊ ဇာတ်လမ်းတိုတွေကို အဆက်မပြတ်တင်ပေးသင့်ပါတယ်။ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်ပြီး ပေါ်ပေါက်လာနိုင်တဲ့ဆိုးကျိုးတွေ၊ ရာဇဝတ်မှုတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှု အစီအစဉ်တွေကို လူငယ်တွေအများစုရှိတဲ့ တက္ကသိုလ်၊ အခြေခံပညာကျောင်းတွေမှာ ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေများစွာကိုသုံးစွဲပြီး ယခုထက်ပိုမိုပြီး ပညာပေးဆောင်ရွက်သင့်နေပြီဖြစ်ပါတယ်။ ယခုလိုတင်ပြခြင်းဟာ နိုင်ငံရဲ့အသီးအပွင့်တွေဖြစ်တဲ့ မျိုးဆက်သစ်လူငယ်တွေကို မူးယစ်ဆေးဝါးရဲ့သားကောင်တွေမဖြစ်စေဖို့၊ နိုင်ငံရဲ့လူသားအရင်းအမြစ်တွေ မဆုံးရှုံးစေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို ဆက်လက်တိုးချဲ့လုပ်ဆောင်ဖို့ အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ် ကျန်းမာရေးနှင့်ပတ်သက်တဲ့ ပညာပေးအစီအစဉ်တွေအနေနဲ့ အမြန်လုပ်ဆောင်သင့်တဲ့အကြောင်းအရာတစ်ခုကိုလည်း ထပ်မံတင်ပြလိုပါတယ်။ UNICEF နဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့စာရင်းများအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးသူထက်ဝက်ကျော်ဟာ ကလေးသူငယ်များဖြစ်နေပါတယ်။ အသက်(၅)နှစ်အောက် ကလေးငယ် အယောက် ၁၀၀ မှ ၁၅၀ ကြား နေ့စဉ်သေဆုံးနေတယ်လို့ စာရင်းများက ဖော်ပြနေပါတယ်။ အဆိုပါစာရင်းများအရ ကလေးများအား လစဉ်အနည်းဆုံး ၃၀၀၀ လောက် သေဆုံးနေကြပြီး တစ်နှစ်ဆိုရင်တော့ ၃၆၀၀၀ ဆိုတဲ့ ကိန်းဂဏန်းနဲ့ နိုင်ငံအဝန်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမပေးနိုင်သေးတဲ့ အခြေအနေကို ညွှန်းဆိုနေခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရှိ စာသင်ကျောင်းထက်ဝက်ခန့်ဟာလည်း ကျန်းမာရေးအတွက် ယုံကြည်စိတ်ချရတဲ့ သောက်သုံးရေတွေနဲ့ မိလ္လာစနစ်တွေမရှိသေးပါဘူး။ ယခုလို ကျန်းမာရေးစောင့်ရှောက်မှုတွေ အပြည့်အဝမပေးနိုင်ခင်စပ်ကြားမှာ ပညာပေးအစီအစဉ်များကိုတော့ ယခုထက်ပိုမိုတိုးချဲ့ဆောင်ရွက်သွားဖို့ လိုအပ်နေပါတယ်လို့ တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့ဒီအဆိုဟာ ဌာနဆိုင်ရာအများစုအတွက် ပြည်သူလူထုကို ပညာပေးဖို့ သီးသန့်ဘတ်ဂျက်လျာထားသုံးစွဲပြီး ဆောင်ရွက်ဖို့ တိုက်တွန်းထားပေမဲ့လည်း ဘဏ္ဍာငွေအခက်အခဲနဲ့ ကန့်သတ်ချက်တွေကို ထည့်သွင်းစဉ်းစားရမယ်ဆိုရင်တောင် အထက်မှာတင်ပြခဲ့တဲ့ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့မှာတော့ သီးသန့်ဘတ်ဂျက်လျာထားပြီး စနစ်တကျပညာပေးအစီအစဉ်များ ပြုလုပ်ပေးဖို့ အရေးတကြီးလိုအပ်ပါကြောင်း အကြံပြုရင်း ဂန့်ဂေါ

မဲဆန္ဒနယ်က အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်၏အဆိုကို လေးနက်စွာ ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့ ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျပညာပေးအစီအစဉ်ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အဆိုရှင်က စေတနာကောင်း ရည်ရွယ်ချက်ကောင်းတွေနဲ့ အဆိုတင်သွင်းထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်က နှစ်ပိုင်းတွေ့ရပါတယ်။ တစ်ပိုင်းကတော့ ဘာလဲဆိုတော့ သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထားရမယ်။ လျာထားပြီးလို့ရှိရင် သူက စနစ်တကျ ပညာပေးအစီအစဉ်လုပ်ဖို့လိုတယ်လို့ ပြောပါတယ်။ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်စာအုပ်တွေကို ကျွန်တော် လေ့လာတဲ့အခါမှာ ဘတ်ဂျက်တွေမှာ တော်တော်များများက စိုက်ပျိုးရေးပဲဖြစ်ဖြစ်၊ သစ်တောပဲဖြစ်ဖြစ် ပညာပေးမယ့်အစီအစဉ်တွေ၊ ဌာနတွေရှိပါတယ်။ ဥပမာဆိုကြပါစို့၊ စိုက်ပျိုးရေးမှာဆိုလို့ရှိရင် စိုက်ပျိုးရေးပညာဌာနခွဲဆိုတာ ရှိပါတယ်။ အဲဒီကနေပြီးတော့မှ သင်တန်းတွေပေးတယ်။ ပေးပြီးလို့ရှိရင် Training of Trainer တွေပေးတယ်။ ဆင့်ပွားသင်တန်းတွေပေးတယ်။ တောင်သူလယ်သမားတွေကိုပေးတယ်။ အဲဒီမှာလည်း ဘာတွေ့ရသလဲဆိုတော့ Farm Project အသင်းကနေပြီးတော့မှ ချေးငွေ၊ ထောက်ပံ့ငွေနဲ့ သန်းပေါင်း ၄၂၇၀ အသုံးစရိတ်တွေ့ရပါတယ်။ အဲဒီအထဲမှာ ဘာလုပ်မလဲဆိုရင် တောင်သူလယ်သမားတွေကို သင်တန်းတွေဖွင့်လှစ်ပို့ချမယ်။ ဒီပညာတွေဆင့်ပွားပေးမယ်။ ဒီလို အလုပ်တွေ Training of Trainer တွေပေးတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့က စိုက်ပျိုးရေးစီမံကိန်း(Project) တွေလည်း ရှိပါတယ်။ စိုက်ပျိုးရေးစီမံကိန်း Project ဆိုလို့ရှိရင် မြန်မာပြည်အောက်ပိုင်းမှာ စပါးသီးနှံတွေ၊ အခြားသီးနှံတွေ၊ အပူပိုင်းဒေသမှာ၊ မြစ်ဝကျွန်းပေါ်ဒေသမှာ ကျေးလက်တောင်သူအဖွဲ့အစည်းရဲ့ စားနပ်ရိက္ခာဖူလုံရေး စတဲ့စီမံချက်တွေမှာလည်း ကျပ် ၆၄၆ သန်းထဲမှာ သူ ဘာတွေရေးထားသလဲဆိုတော့ ပိုစတာတွေဖြန့်မယ်၊ အသိပညာတွေပေးမယ်၊ သင်တန်းတွေပေးမယ် စသဖြင့် ဒီလိုတွေ ဘတ်ဂျက်မှာ သုံးထားတာ တွေ့ရပါတယ်။ အဲဒီတော့ ထိုနည်းတူစွာပဲ ဝန်ကြီးဌာနတော်တော်များများကို ၈၅ ရာခိုင်နှုန်း၊ ၉၀ ရာခိုင်နှုန်းလောက်

ကြည့်တဲ့အခါကျတော့ ဘာတွေ့ရသလဲဆိုတော့ ဌာနတိုင်းမှာ သာမန်အသုံးစရိတ်ထဲမှာ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်ဆိုတာ အနည်းနဲ့အများတော့ ပါနေတာတွေ့ရပါတယ်။ အဲဒီတော့ ဒီထဲကပဲ သာမန်အသုံးစရိတ်ထဲကပဲ ထိုက်သင့်သလောက်သုံးလို့ရှိရင်လည်း ဒီလိုပဲလုပ်နေကြတာ အဆင်ပြေ နေတာတွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် အခု ကျန်းမာရေးပညာပေးတာတို့၊ ပညာရေးအနေနဲ့ ပညာပေးတာတို့ဆိုလည်း တော်တော်များများပညာရေးဝန်ကြီးဌာနကလည်း လုပ်ပါတယ်။ ဌာနတွေ ကလည်း လုပ်ပါတယ်။

ဥပမာ - ပြန်ကြားရေးဝန်ကြီးဌာနဆိုရင် သူ့တာဝန်ကိုက သတင်းပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုပြီးတော့ သူဆောင်ရွက်နေတာ အဲဒီမှာ Channel တွေလည်း အများကြီးပဲ။ ဥပမာ - Farmer Channel ဆိုတာ လယ်သမားတွေအတွက် တကယ်ကို အမြဲတမ်းပြနေတာပါ။ အဲဒီ Channel မျိုးတွေ၊ အခြား Channel တွေမှာလည်း တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘာလိုလဲဆိုရင်တော့ အဆိုရှင်တင်သွင်းထားတဲ့အတိုင်းပဲ စနစ်တကျပညာပေးအစီအစဉ် ပြုလုပ်ဖို့လို တယ်ဆိုတာကိုတော့ ကျွန်တော် ထောက်ခံလိုပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် စနစ်တကျပညာ မပေးဘဲနဲ့။ ပညာပေးတယ်ဆိုတာ ပညာပေးတဲ့သူရယ် အပေးခံရတဲ့သူရယ်အပေါ်မှာ မူတည်ပါတယ်။ အဲဒီမှာ တစ်ခါတလေကျတော့ ငွေကြေးတွေအများကြီးသုံးစွဲလိုက်တယ်။ ရည်ရွယ်ချက်က မပေါက် မြောက်ဘူးဆိုရင်လည်း အလကားပါပဲ။ အဲဒီတော့ Displacement ဘယ်လောက်ရမလဲ။ Force တော့သုံးလိုက်ပြီ။ Work done ဘယ်လောက်ပြီးသလဲ။ ဒါတွေလည်း ကြည့်ဖို့လိုပါတယ်။ ဥပမာ ဆိုကြပါစို့ ကျွန်တော်တို့ ပြင်ဦးလွင်မှာ စိုက်ပျိုးရေးကနေလာပြီးတော့ ပန်းစိုက်ပျိုးရေးတောင်သူတွေနဲ့ တွေ့တယ်။ တွေ့တဲ့အခါကျ သူတို့ကပြောတယ်။ ဆရာရယ် စိုက်ပျိုးရေးဌာနက ပညာလာပေးတယ်။ ဘာပေးလဲဆိုတော့ ခင်ဗျားတို့ အဆင်ပြေတယ်မဟုတ်လား။ ကောင်းတာပေါ့ဗျဆိုတော့။ သူတို့က မဟုတ်ဘူးဆရာရယ်။ ကျွန်တော်တို့ကိုပြောသွားတာ စပါးအထူးအထွက်တိုးပညာတွေ ပေးသွားတယ်။ တကယ်စိုက်တာက ပန်းစိုက်တောင်သူတွေကို တွေ့နေရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ပြောချင်တာကတော့ ကာလံ ဒေသံ အဂ္ဃံ ခန့်ပါ။ နေရာဒေသအပေါ်မှာမူတည်ပြီးတော့ ပညာပေးဖို့ လိုတဲ့အတွက် ပညာပေးတာသည် ပေးဖို့လိုတဲ့အတွက် တစ်ခါတလေကျတော့ မထိရောက်တာလေး တွေလည်း တွေ့ရပါတယ်။

ထိုနည်းတူစွာပဲ ကျွန်တော်တို့ ရုံးတိုင်းမှာ တွေ့ရမှာဖြစ်ပါတယ်။ ဘာရေးထားသလဲဆိုလို့ရှိရင် လာဘ်ပေးလာဘ်ယူတို့ရန်သူ။ ပေးချင်တဲ့ Message က မည်သို့မျှ ငွေပေးရန်မလို။ ဒါပေမဲ့ အဲဒီစားပွဲ

အောက်၊ အဲဒီစားပွဲပေါ်မှာပဲ၊ အဲဒီဆိုင်းဘုတ်ရှေ့မှာပဲ ဝန်ထမ်းနဲ့ ပြည်သူနဲ့ အပေးအယူဖြစ်သွားကြတာတွေလည်း တွေ့ရပါတယ်။ ဆိုလိုချင်တဲ့ ကိုယ်ပေးချင်တဲ့ Message သည် ပေးမယ့်လူရော အပေးခံရမယ့်လူရော လိုက်နာဖို့လိုတယ်။ ပြောချင်တာကတော့ ပညာပေးမယ် Knowledge ။ ပြီးရင် သူက ကျင့်ရမယ်။ ကျင့်ဖို့လိုပါတယ်။ မကျင့်ဘဲနဲ့တော့ ကျွန်တော်တို့က မရဘူး။ အဲဒီတော့ ကျင့်ဖို့ရာအတွက် တစ်ခါတလေကျတော့လည်း Action ပါလာမယ်။ Punishment ပါလာမယ်။ အဲဒီတော့ ပညာပေးတယ်ဆိုတဲ့နေရာမှာ လိုအပ်တာတွေကို လုပ်တော့လုပ်နေပြီ၊ ကျွန်တော့်အမြင်အရ ပြောရမယ်ဆိုရင်တော့ ပညာပေးတာ အများကြီးတိုးတက်လာပါတယ်။ စနစ်လည်းကျလာပါတယ်။ သို့သော် ဘတ်ဂျက်ကို ထပ်သုံးဖို့ဆိုတာတော့ စဉ်းစားရမယ်။ Review Analysis လုပ်ရမယ်။ ကျွန်တော်တို့ ပေးထားတဲ့ဘတ်ဂျက်တွေသည် တကယ်သုံးလို့ရနေရင်တော့ နောက်ထပ် သီးသန့် ဘတ်ဂျက်ထည့်သွင်းလျာထားဖို့ရာ စဉ်းစားဖို့လိုတယ်ဆိုတာ ကျွန်တော် ပြောလိုပါတယ်။ အဲဒီနေရာမှာလည်း ကျွန်တော်တို့က ဥပမာဆိုကြပါစို့။ ဒီလူက Role Model ဖြစ်ဖို့လည်း လိုတာပေါ့။ ဥပမာ ဆိုကြပါစို့။ ကူညီပါရစေဆိုပြီးတော့ နေရာတိုင်းတွေ့ကြပါတယ်။ ကူညီပါရစေလို့ရေးထားတဲ့ ဆိုင်းဘုတ်နေရာမှာ လုပ်တဲ့သူသည် Role Model ဖြစ်ဖို့လိုတာပေါ့။ တကယ်ကူညီတယ်ဆိုရင် သူက ကူညီပါရစေဆိုတဲ့ ပေးချင်တဲ့ Message သည် အောင်မြင်မှာပေါ့။ အဲဒီလိုမဟုတ်ဘဲနဲ့ ကူညီပါရစေလို့ ပေးထားတဲ့ဆိုင်းဘုတ်က ရေးထားပြီးတော့ Role Model မဖြစ်ဘူးဆိုရင်တော့ ဒါဟာ ကျွန်တော်တို့က အသိပေးတာဟာ Message ပေးချင်တာ မအောင်မြင်ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေဖြင့် နိဂုံးချုပ်ပြောရရင်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များ

ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေနဲ့ ပြည်သူလူထုထံ ၎င်းတို့ပေးပို့လိုသော သတင်းအချက်အလက်များကို ပေးပို့ရာမှာ ထိရောက်မှု၊ အောင်မြင်မှုတွေဟာ အတိုင်းအတာတစ်ခုထိ ထိရောက်နေတယ်ဆိုတာ တွေ့နေရပါတယ်။ ဒီလိုစီးပွားရေးလုပ်ငန်းရှင်ကြီးများကြားမှာလည်းပဲ သတင်းဖြန့်ချိရေးလုပ်ငန်းကို လုပ်နိုင်သူများက ရှေ့ကသွားပြီး မလုပ်နိုင်သူများက ကျန်ရစ်ခဲ့တာကိုလည်းပဲ တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်သူလူထုများထံသို့ ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့သောပညာပေးအစီအစဉ်များတွင် ပေးပို့လိုသောသတင်းအချက်အလက်များကို ထိထိရောက်ရောက်ပေးပို့ဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲပေါင်းများစွာနဲ့ ရင်ဆိုင်တွေ့ကြုံနေရပါတယ်။ ထင်သလောက်အောင်မြင်မှုများအထူးမတွေ့ရှိရသေးပါ။ ဒီအချက်များကို ပြန်လည်ဆန်းစစ် ကြည့်မယ်ဆိုရင် ပြည်သူလူထုနဲ့ ဆက်ဆံရေးလုပ်တဲ့အခါမှာ အောင်မြင်စေဖို့ အဓိကအချက်များကို အကြံပြုဆွေးနွေးလိုပါတယ်။ ဒါတွေကတော့ လုံလောက်တဲ့ဘတ်ဂျက်ရှိဖို့ ပညာပေးတင်ဆက်မှု၊ နည်းပညာများ ဖြစ်ပါတယ်။ တင်ဆက်မှုနည်းပညာမှာလည်းပဲ သတင်းအချက်အလက်ရှင်းလင်းတင်ပြပုံ၊ ပညာပေးခြင်း၊ ဆွဲဆောင်မှု၊ စည်းရုံးမှု၊ လူထုရဲ့တုံ့ပြန်မှုဆိုတဲ့အချက်များအပေါ် မူတည်နေပါတယ်။ စနစ်တကျပညာပေးအစီအစဉ်များဖြစ်ရန် လိုအပ်ပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စားသုံးသူရေးရာ၊ ပြန်ကြားရေး၊ မီးသတ်စသဖြင့် ဌာနများမှာ လူထုထံအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ပညာပေးတဲ့လုပ်ငန်းတွေမှာ တွေ့ကြုံရတဲ့အခက်အခဲကို မေးမြန်းကြည့်တဲ့အခါမှာ သွားလာရေးခက်ခဲမှု၊ ယာဉ်ခက်ခဲမှု၊ ဘတ်ဂျက် မလုံလောက်မှုများကြောင့် ပညာပေးအစီအစဉ်တွေဟာနည်းပြီးတော့မှ လုံလောက်မှုရှိခဲ့ပါက ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ပိုမိုဆောင်ရွက်နိုင်လိမ့်မယ်ဆိုတာကို သိခွင့်ရခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၎င်းတို့ရဲ့လိုအပ်ချက်များကို နိုင်ငံတော်မှအပြည့်အဝပံ့ပိုးပေးသွားမယ်ဆိုရင် လူထုထံပညာပေး အစီအစဉ်များသည် ပိုမိုထိရောက်လာမည်ဖြစ်ပါသည်။ ဘတ်ဂျက်ကိုလည်းပဲ သတ်မှတ်ပေးတာထက် သာမန်အသုံးစရိတ်ထဲမှာ ထည့်သွင်းပေးနိုင်မယ်ဆိုရင် ပိုပြီးတော့မှ ကောင်းမွန်လာပါလိမ့်မယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။ သို့မှသာ လူထုထံပေးပို့လိုသော သတင်းအချက်အလက်များကို ဘာသာစကားအလိုက်သော်လည်းကောင်း၊ အညွှန်း၊ လက်ကမ်းစာစောင်၊ TV Channel, Radio Channel များမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်ဆိုတာကို

ပြောကြားရင်း ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၏အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားရသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏ရည်ရွယ်ချက်ကို လေ့လာကြည့်ရင် ပြည်သူလူထုအတွက် အကျိုးရှိစေချင်တဲ့ဆန္ဒနှင့် ပြည်သူလူထုနဲ့ထိစပ်နေတဲ့ ဌာနဆိုင်ရာအများစု အသိပညာပေးမှုတွေမှာ အားနည်းနေမှုတွေကို ထိရောက်စွာဆောင်ရွက်စေချင်တဲ့ဆန္ဒတွေ ရည်ရွယ်ချက်ကောင်းတွေနဲ့ တင်ပြထားတာတော့ တွေ့ရပါတယ်။ ပြည်သူ့အစိုးရတာဝန်ယူချိန်မှစပြီး ရက်(၁၀၀)စီမံကိန်းဆောင်ရွက်မှုတွေ၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအားလုံး ဆောင်ရွက်နေကြတာတွေလည်း ရှိပါတယ်။ ပြည်သူများကို အချိန်ကုန်သက်သာစေပြီး လွယ်ကူမှုရရှိစေရန် ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းအဖြစ် OSS အနေနဲ့အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေလည်း ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနဆိုင်ရာများအလိုက် ပြည်သူအတွက်ဝန်ဆောင်မှုတွေ၊ အသိပညာပေးရမယ့်တာဝန်တွေရှိနေပေမဲ့ ပြည်သူနဲ့တိုက်ရိုက်ထိတွေ့နေတဲ့ဝန်ထမ်းများအနေနဲ့ ပြည်သူကိုစေတနာနဲ့ဆောင်ရွက်ပေးဖို့တော့လိုပါတယ်။ ဒီ OSS လုပ်ငန်းဆိုရင် လိုင်စင်ရယူခြင်း၊ ပုံစံ(၁၀၅)နဲ့ မြေဂရန်လျှောက်ထားခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုပြောင်း/ဝင်/ထွက်ကိစ္စတွေ၊ တိုင်ကြားချက်တွေ၊ သစ်တောနှင့်ဆိုင်သောကိစ္စ၊ မွေးမြူရေးနှင့်ဆိုင်သောကိစ္စ စတဲ့အရာတွေကို ချက်ချင်းဆောင်ရွက်လို့ရရင်ဆောင်ရွက်မယ်လို့ ပြောထားပါတယ်။ မရရင်ဆောင်ရွက်ပုံနည်းအဆင့်ဆင့်၊ လုပ်ထုံးလုပ်နည်းတွေကို အသိပညာပေးရှင်းလင်း သက်ဆိုင်ရာဌာနများကို ညွှန်ပြပေးခြင်းဖြင့် ဆောင်ရွက်မှုပေးတယ်လို့ သိရပါတယ်။ ဒါတွေဟာ ပြည်သူလူထု အမှန်တကယ်လိုအပ်တဲ့လိုအပ်ချက်တွေဖြစ်တဲ့အတွက် အမှန်တကယ်သာဆောင်ရွက်ပေးနိုင်ရင် အရမ်းကောင်းတဲ့ဆောင်ရွက်ချက်တွေ

ဖြစ်ပါတယ်။ တချို့နေရာမှာဆိုရင် အဆိုရှင်တင်ပြသလိုပဲ လိုအပ်ချက်တွေရှိနေတာမှန်ပါတယ်။ ဌာနဆိုင်ရာများအနေနဲ့လည်း စေတနာနဲ့တာဝန်ကျေအောင် ဆောင်ရွက်တဲ့ဝန်ထမ်းများရှိသလို တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ စေတနာမထားတဲ့အတွက် ပြည်သူလူထုအဆင်မပြေမှုတွေရှိနေတာကို တွေ့ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကညွှန်ကြားချက်တွေ ဘယ်လောက်ပင်ကောင်းသော်လည်း အောက်ခြေတာဝန်ရှိတဲ့ဌာနဆိုင်ရာဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် စေတနာထားဆောင်ရွက်မှသာ ပြည်သူတွေအဆင်ပြေမှာဖြစ်ပါတယ်။ ပြည်သူလူထုအတွက်လိုအပ်ရင် ဌာနဆိုင်ရာချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ပေါင်းစပ်ညှိနှိုင်းမှုမရှိဘဲနဲ့လည်းပဲ ဆောင်ရွက်တဲ့နေရာတွေမှာ ပြည်သူလူထုတွေ အခက်အခဲတွေတွေ့နေတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ကျွန်တော့်မဲဆန္ဒနယ်မှာဆိုရင် တောင်သူအချို့တင်ပြတာရှိပါတယ်။ မတ်ပဲစိုက်ဧကကွင်းတွေကို ဆည်မြောင်းရေကိုဝင်တဲ့အတွက် စိုက်ခင်းတွေပျက်စီးတယ်။ ပျက်စီးတဲ့အတွက် ကျွန်တော်တို့သက်ဆိုင်ရာဌာနဆိုင်ရာကို ခေါ်ပြီးတော့မှ ကွင်းဆင်းတဲ့အချိန်မှာမေးမြန်းတော့ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနဲ့ စိုက်ပျိုးရေးက နွေစပါးစိုက်ဖို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ တောင်သူတွေတော်တော်များများက ကျယ်ကျယ်ပြန့်ပြန့်မသိဘူး။ အဲဒီတော့ဆည်မြောင်းကလည်းပဲ စီမံချက်ရှိတော့ရေလွှတ်ပေးလိုက် တယ်။ မဆုံးရှုံးသင့်ဘဲနဲ့ တောင်သူအချို့က ဆုံးရှုံးသွားရတယ်။ အဲဒါတွေကဌာနချင်းပေါင်းစပ်ညှိနှိုင်း ပြီးတော့မှ ဆောင်ရွက်တဲ့အချက်တွေမှာ ပြည်သူလူထုကိုချပြမှု၊ အသိပညာပေးမှုအားနည်းမှုကြောင့်သာ ပြည်သူအချို့နစ်နာဆုံးရှုံးတယ်လို့ သုံးသပ်မိပါတယ်။ အလားတူပဲကျွန်တော်တို့ သစ်တောနှင့် တောင်သူတွေလည်း အမြဲတမ်းကြုံတွေ့နေရတာရှိပါတယ်။ ကျွန်တော်တို့မဲဆန္ဒနယ်တွင် တောင်သူအများစုလုပ်ကိုင်တဲ့လယ်တွေဟာ သစ်တောနယ်နိမိတ်အဖြစ် အခုထိသတ်မှတ်ဆဲခံနေရတုန်းဖြစ်ပါတယ်။ နေပြည်တော်ဖြစ်နေပေမဲ့လို့ တောင်သူအများစုလုပ်ကိုင်တဲ့လယ်တွေဟာ ကြိုးဝိုင်းတွေကနေပြီးတော့ ပယ်ဖျက်ပေးခဲ့ခြင်းမရှိသေးပါဘူး။ ပြီးခဲ့တဲ့တစ်ပတ်လောက်ကဆိုရင် တောင်ညိုကြိုးဝိုင်း အမှတ်(၂)ကွင်း တရားမဝင်ကျူးကျော်ဝင်ရောက်ပြီး သက်ကယ်မိုးဖြင့်နွားတဲဆောက် နွားများထားရှိခြင်းကြောင့်တွေ့ရတဲ့အတွက် သတ်မှတ်ကာလအတွင်း ဖယ်ရှားခြင်းမပြုပါက သစ်တောဥပဒေပုဒ်မ ၄၀(က)အရ တရားစွဲမယ်ဆိုပြီးတောင်သူတွေကို စာထုတ်တယ်။ အဲဒီမှာကျွန်တော်တို့ကို တင်ပြတဲ့အတွက် သွားကြည့်တဲ့အချိန်မှာ လယ်တွေစိုက်ထားတာရှိတယ်။ တောင်သူတွေနှစ်ပေါင်းများစွာ လုပ်ကိုင်တာရှိတယ်။ အဲဒီတော့ နွားထားဖို့တဲဆောက်တဲ့အတွက်ကို တရားစွဲမယ်

ဆိုပြီး စာထုတ်တာတွေလည်းရှိမယ်။ ဒါဟာ နေပြည်တော်စည်ပင်ချမှတ်ထားတဲ့ အငြိမ်းစားဝန်ထမ်း အိမ်ရာနဲ့တောင် မျက်နှာချင်းဆိုင်လေးပဲရှိတယ်။ ရပ်ကွက်ကိုသာကြိုးလှန်သွားတာ တောင်သူတွေ အတွက်ကို သူတို့ ကြိုးလှန်ထားတာမရှိဘူး။ အဲဒီလိုပဲ ဒေသခံတောင်သူတွေ ဥပဒေအရသာ သတ်မှတ် နေတာ မြို့နယ်အတွင်းမှာ ဧက ၃၀၀၀၊ ၄၀၀၀ လောက်ရှိတဲ့ သရက်ဇုန်တွေ၊ စိုက်ခင်းတွေရှိပြီးတော့ ပုံစံ(၁၀၅)၊ (၁၀၆) နှစ် ၃၀ ပင်တွေနဲ့ မြေပုံတွေပေါ်မှာဆောင်ရွက်ပြီး ပြည်သူတွေထံက တရားစွဲခံရမှ သာ သူတို့လယ် ပါသွားမှန်းသိတယ်။ အဲဒီတော့ ဒီဟာတွေက သက်ဆိုင်ရာဌာနတွေကနေပြီးတော့ ပွင့်လင်းမြင်သာမှုမရှိဘဲ အသိပညာပေးမှုအားနည်း ပြည်သူတွေရဲ့အခွင့်အလမ်းတွေကို သေချာမပြော ပြဘဲနဲ့ ကန့်သတ်ထားတဲ့ဥပဒေအနေနဲ့သာ အခက်အခဲတွေ ဖြစ်နေတာကို တွေ့ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုနဲ့တိုက်ရိုက်ထိတွေ့ဆက်ဆံနေရတဲ့ဌာနဆိုင်ရာတွေက တာဝန် ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့သာ ဆောင်ရွက်မယ်ဆိုရင် ပြည်သူတွေအတွက် အဆင်ပြေမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတာဝန်ရှိသူများကလည်း အောက်ခြေအထိကြပ်မတ်ဆောင်ရွက်ဖို့ လိုပါတယ်။ ဌာန မှာ ဒါမှအဆင်ပြေမှာဖြစ်သလို သေချာနားလည်အောင်စေတနာထားရှင်းပြပြီး အသိပညာပေးခြင်းဖြင့် ကူညီမယ်ဆိုရင် ပြည်သူတွေလည်း အကျိုးရှိမှာဖြစ်ပါတယ်။ အသိပညာပေးရာမှာလည်း ဆောင်ရွက် နေတဲ့ဌာနများရှိသလို လိုအပ်တဲ့ဌာနတွေလည်းရှိနေတာကို တွေ့ရပါတယ်။ ကျန်းမာရေးဆိုရင် အသိ ပညာပေးဟောပြောမှုတွေ စုရပ်ဖြစ်စေ၊ အိမ်အရောက်ဖြစ်စေ ဆေးလိုက်တိုက်တယ်။ ဒါဟောပြောမှု တွေဆောင်ရွက်နေတာတွေလည်း မြို့နယ်တွင်းမှာ ရှိပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ပေါင်းပြီး ကျေးရွာအရောက်ဆိုင်ကယ်လိုင်စင်တွေလုပ်ပေး တယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တွေကို ပညာပေးပို့ချနေတာတွေလည်း ကျွန်တော်တို့ တွေ့ရ ပါတယ်။ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ဖို့ဆိုရင် ဘတ်ဂျက်တွေထည့်သွင်းတောင်းခံထားတာ လည်း ရှိပါတယ်ခင်ဗျား။ ပူးပေါင်း ကော်မတီအဖွဲ့အနေနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ဘတ်ဂျက်စိစစ်မှုတွေလုပ်တဲ့အခါမှာ သာမန်အသုံးစရိတ်တွေရဲ့အောက်မှာ ကြော်ငြာခတွေ၊ ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲများ၊ ပြပွဲများ၊ စရိတ်အမျိုးမျိုးကို ဦးစီးဌာနအလိုက် တင်သွင်းတောင်းခံထားတာလည်း တွေ့ရပါတယ်။ ဒီစရိတ်တွေဟာ တကယ်ကျတော့ ပြည်သူလူထုအတွက်၊ အကျိုးရှိစွာဆောင်ရွက်နိုင်ဖို့ ခွင့်ပြုထားခြင်းလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုအဆင်ပြေအကျိုးရှိစေဖို့အတွက် သက်ဆိုင်ရာဌာနတာဝန်ရှိသူ များကိုသာ ကြပ်မတ်ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပြီး အဆိုရှင်ရဲ့ပညာပေးအစီအစဉ်များအတွက်

သီးသန့်ဘတ်ဂျက်လျာထားရန်အစီအစဉ်ကိုတော့ စဉ်းစားသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အပိုင်းနှစ်ပိုင်းခွဲပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မရှေ့က ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်ဆွေးနွေးခဲ့သလိုပဲ အဆိုရှင်ဟာ တိုင်းပြည်တည်ဆောက်ရေးအတွက်၊ အရေးကြီးတဲ့လူ့စွမ်းအားအရင်းအမြစ်နဲ့ တည်ဆောက်ဖို့ရာအတွက်နဲ့ တရားဥပဒေစိုးမိုးရေးအပေါ်မှာအခြေခံပြီးတော့မှ စိတ်ရင်းစေတနာအပြည့်နဲ့ အသိပညာပေးမှုအခန်းကဏ္ဍကို လူထုကိုဗဟိုပြုပြီးတော့လည်းကောင်း၊ ဝန်ထမ်းများကို ဗဟိုပြု၍သော်လည်းကောင်း နိုင်ငံရေးအခြေအနေနှင့် လိုအပ်ချက်တွေအပေါ်မှာ အကျယ်တဝင့်ဆွေးနွေးသွားတာမြင်ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့စေတနာကို လေးလေးနက်နက်အသိအမှတ်ပြုပြီး ကျေးဇူးတင်ပါတယ်ရှင်။ ဒီလိုအသိအမှတ်ပြုတာနဲ့အတူ သက်ဆိုင်ရာဌာနများမှ ပြည်သူလူထုအား အသိပညာပေးရေးအစီအစဉ်များကို စနစ်တကျပြုလုပ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတာကို လေးလေးနက်နက်ထောက်ခံပါတယ်ရှင်။

ဒုတိယပိုင်းအနေနဲ့တော့ ကျွန်မတို့အစိုးရတစ်ရပ်ဟာ ပြည်သူ့ဘဏ္ဍာများကို အလေအလွင့်အဖိတ်အစင်မရှိစေရန် စနစ်တကျစီမံခန့်ခွဲရမယ့် တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒီလိုအသိပညာပေးရေးအခန်းကဏ္ဍတွေအတွက်ကို ကျွန်မတို့ရှေ့ကကိုယ်စားလှယ်ကြီးများလည်း ဆွေးနွေးခဲ့ပြီဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ ဦးစီးဌာနအသီးသီးရဲ့ သာမန်ရငွေအသုံးစရိတ်ရဲ့အောက်မှာ ပညာပေးရေးနှင့်လူမှုရေးအသုံးစရိတ်၊ အထွေထွေအသုံးစရိတ်ဆိုပြီးတော့မှ ပါပါတယ်ရှင့်။ အဲဒီအထွေထွေအသုံးစရိတ်တွေထဲမှာဆိုလို့ရှိရင်လည်း သက်ဆိုင်ရာမြို့နယ်အသီးသီးမှာ ဦးစီးဌာနအသီးသီးကနေပြီးတော့မှ ပညာပေးရေးအခန်းကဏ္ဍတွေလုပ်တယ်။ အဆိုရှင်ရဲ့ဆွေးနွေးချက်တွေထဲမှာလည်းပါသလိုသက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်တာပဲဖြစ်ဖြစ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေနဲ့ပတ်သက်တာပဲဖြစ်ဖြစ်၊ ကျန်းမာရေးအသိပညာပေးခြင်းတွေပဲဖြစ်ဖြစ် လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ဒီလိုခေါင်းစဉ်အောက်ကနေသွားတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ထို့အတူပဲ အဆိုရှင်ကလည်း လုပ်ကိုင်

ဆောင်ရွက်နေတာမှန်သော်ငြားလည်း အားနည်းချက်တွေရှိနေသေးတယ်ဆိုတာကိုလည်း ထောက်ပြခဲ့ပါတယ်ရှင့်။ ထို့အတူပဲ ကျွန်မတို့ မမေ့မလျော့နဲ့သတိထားရမယ့်အချက်ကဘာလဲဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံမှာ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနဆိုတာရှိပါတယ်။ ဒီသတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိ TV Channel မှာထုတ်လွှင့်နေတဲ့အထဲမှာ လယ်ယာကဏ္ဍနဲ့ပတ်သက်တာတွေ၊ အသိပညာဗဟုသုတပေးတဲ့ကိစ္စရပ်တွေနဲ့ပတ်သက်တာတွေ၊ နောက်ဆုံး နိုင်ငံရေးနှင့်ပတ်သက်တဲ့အသိပညာဆွေးနွေးပွဲတွေကအစ အဲဒီမှာလုပ်နေတာကိုလည်း မြင်ရမှာဖြစ်သလို ဒီအပေါ်မှာလည်း ကြည့်ရှုမှုအားနည်းတာတွေရှိတယ်ဆိုတာကိုလည်း အဆိုရှင်ကထောက်ပြခဲ့ပြီးဖြစ်ပါတယ်ရှင့်။

ဒီလိုမျိုးအချက်အချက်တွေလုပ်ဆောင်ခဲ့တာတွေရှိနေပါလျက်နဲ့ အားနည်းချက်တွေရှိနေတယ်ဆိုတဲ့အနေအထားပေါ်မှာ ကျွန်မတို့ပြန်လည်ဆန်းစစ်ဖို့လိုအပ်နေပါတယ်ရှင့်။ ဒီလိုပြန်လည်ဆန်းစစ်လိုက်တဲ့အခါမှာလည်း အဆိုရှင်ဘက်ကဆွေးနွေးထားတဲ့အထဲမှာ ဘတ်ဂျက်လိုအပ်ချက်တွေ၊ ဝန်ထမ်းအင်အားလုံလောက်မှုမရှိခြင်းတွေ၊ ဝန်ထမ်းလစာစရိတ်ထောက်ပံ့မှုနည်းနေခြင်းတွေကို ထောက်ပြထားတာ မှန်ပါတယ်။ ဒီလိုထောက်ပြထားတာမှန်သော်ငြားလည်း ကျွန်မတို့ဦးစီးဌာနအသီးသီးရဲ့လုပ်ကိုင်ဆောင်ရွက်ရမယ့် လုပ်ငန်းဆောင်ရွက်ချက်တွေထဲမှာ လူထုနဲ့ဦးစီးဌာနအသီးသီးရဲ့ကြားထဲမှာ လုပ်ငန်းဆောင်ရွက်ချက်တွေလွယ်ကူဖို့ဆိုလို့ရှိရင် လူထုက ဒီလုပ်ငန်းဆောင်ရွက်ချက်တွေကို သိမှုဆိုင်ရာအားသာနေမှသာလျှင် ဖြစ်မှာဖြစ်ပါတယ်။ ဒီလိုသိမှုဆိုင်ရာကို ပြန်လည်လေ့လာဆန်းစစ်လိုက်မယ်ဆိုရင် နှစ်ပိုင်းမြင်ရမှာဖြစ်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာအသိပညာပေးမှုနှင့် အသိပညာပိုင်းဆိုင်ရာပညာပေးမှုဆိုပြီး တွေ့ရမှာဖြစ်ပါတယ်။ ကျွန်မတို့ ဒီလိုလက်တွေ့လုပ်ဆောင်နေတဲ့နေရာမှာလည်း စက်မှုလယ်ယာကဏ္ဍကိုသွားဖို့အတွက်လည်း JICA ကနေပြီးတော့မှ ကူညီပြီးတော့လုပ်ဆောင်နေတာတွေ့ရသလို သား၊ ငါးထုတ်လုပ်မှုကဏ္ဍမှာဆိုလို့ရှိရင်လည်း JICA ကနေပြီးတော့မှ ကူညီပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်နေတာမျိုးလေးတွေ တွေ့ရပါတယ်။ ဒီလိုလုပ်ကိုင်ဆောင်ရွက်နေတာမျိုးတွေတွေ့ရတဲ့အပြင် လူထုနဲ့နီးနီးစပ်စပ်လုပ်ကိုင်ဆောင်ရွက်နေရတဲ့ ကျွန်မတို့ကိုယ်စားလှယ်တွေရဲ့လုပ်ငန်းဆောင်ရွက်ချက်ထဲမှာ ဦးစီးဌာနအသီးသီးတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ လုပ်ကိုင်ဆောင်ရွက်ခွင့်ဆိုတာပါပါတယ်ရှင့်။ ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် ကျွန်မရဲ့မဲဆန္ဒနယ်မှာ လျှပ်စစ်မီးရရှိရေးကိစ္စအတွက် ဆောင်ရွက်ကြတဲ့အခါမှာ သက်ဆိုင်ရာဦးစီးဌာနအသီးသီးက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ရပ်မိရပ်ဖတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ သက်ဆိုင်ရာကျေးရွာကလူထုတွေကိုခေါ်ပြီးတော့မှ

တွေ့ဆုံညှိနှိုင်းမှုလုပ်ပါတယ်။ ဒီလိုတွေ့ဆုံညှိနှိုင်းမှုလုပ်တဲ့ကုန်ကျစရိတ်ဟာလည်း နည်းနည်းလေးပဲ ရှိသလို အဲဒီကုန်ကျစရိတ်ဟာလည်း ဦးစီးဌာနအသီးသီးရဲ့ အထွေထွေအသုံးစရိတ်ထဲကို ပါသွားပါတယ်။ ဒီအချက်အချက်တွေကို ထောက်ပြခြင်းက ဘာကိုဆိုလိုချင်သလဲဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့ လက်ရှိပကတိဘတ်ဂျက်လိုငွေပြနေမှု အနေအထားတစ်ရပ်အပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ ဦးစီးဌာနအသီးသီးက မိမိတို့ရဲ့လုပ်ငန်းဆောင်ရွက်ချက်တွေ လွယ်ကူလျင်မြန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် လူထုကိုအသိပညာပေးရေးအခန်းကဏ္ဍက အရေးကြီးသလို ဒါကိုလုပ်ခွင့်ရဖို့အတွက်လည်း ဘတ်ဂျက်လျာထားချက်မှာကိုက သာမန်ရငွေအသုံးစရိတ်ထဲမှာပါပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကို သီးသန့်ဘတ်ဂျက်တစ်ခုအနေနဲ့ ထည့်သွင်းသုံးစွဲခြင်းဟာ ဖြစ်သင့်ပါသလားဆိုတဲ့အချက်ကို ပြန်လည်ဆန်းစစ်ဖို့လိုအပ်နေပါတယ်ရှင့်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ ပုံနှိပ်မီဒီယာ၊ TV Channel များမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်နိုင်မှာဖြစ်ပြီးတော့ မြို့နယ်အသီးသီးမှာရှိတဲ့ ဆက်သွယ်ရေးနှင့်ပြန်ကြားရေးဦးစီးဌာနများမှာ ပိုမိုအသက်ဝင်အောင် လုပ်ဆောင်ရမယ့်အချိန်ကောင်းဖြစ်ပါတယ်။ ထို့အတူပဲ ဦးစီးဌာနအသီးသီးများမှလည်း ပြည်သူ့ဘဏ္ဍာငွေဟာ မိမိရဲ့ဘဏ္ဍာငွေပဲဆိုတဲ့ဟာကို သတိချပ်ပြီးတော့မှ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို စနစ်တကျစီမံသုံးစွဲဖို့လိုအပ်နေပါတယ်။ ထို့အတူပဲ စာရင်းအင်းတွေကို စနစ်တကျစစ်ဆေးမှုခံယူဖို့ ယနေ့အချိန်ဟာ အရေးကြီးဆုံးအချိန်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလုပ်ငန်းစဉ်တွေကိုသာလျှင် အဓိကလုပ်ဆောင်သင့်တာဖြစ်တဲ့အကြောင်း အကြံပြုဆွေးနွေးလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး

**မူကြမ်း**

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာပေးတဲ့ လုပ်ငန်းကို အထူးအလေးထားပြီးတော့ အဆိုပြုတင်ပြသွားတဲ့ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကို လည်းပဲ အထူးကျေးဇူးတင်ပါတယ်။ ပြီးတဲ့နောက် ဒီအစီအစဉ်နှင့်ပတ်သက်ပြီးတော့ ဝိုင်းဝန်းဆွေးနွေး ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကိုလည်းပဲ အထူးပဲကျေးဇူးတင်ကြောင်း ပြောလို ပါတယ်။ ဝန်ကြီးဌာနများအနေနဲ့ အများပြည်သူကို အသိပညာပေးဖို့လိုအပ်တဲ့ကိစ္စများအတွက် ပညာပေးတဲ့အစီအစဉ်တွေ ချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိတာကို စောစောကလည်း ဆွေးနွေး သွားကြတာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ အသိပညာပေးအစီအစဉ်ဆိုတဲ့ ခေါင်းစဉ် အောက်မှာ ဘတ်ဂျက်လျာထားပြီးဆောင်ရွက်တာရှိသလို ပညာပေးဆိုတဲ့ခြုံငုံခေါင်းစဉ်မတပ်သော် လည်းပဲ ပညာပေးစရာအကြောင်းအရာတစ်ခုချင်းအလိုက်ကို ရန်ပုံငွေလျာထားသုံးစွဲနေတာတွေ လည်းရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုများ၊ အခြား သောဝန်ကြီးဌာနများရဲ့ ဆောင်ရွက်ချက်များနှင့်ပတ်သက်လို့ ကျွန်တော်မေးမြန်းသိရှိရတာတွေကို အခြေခံပြီးတော့ အကျဉ်းချုပ်ရှင်းလင်းတင်ပြလိုပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနမှာ ပညာပေးဆိုတဲ့ ခေါင်းစဉ်နဲ့ ဘတ်ဂျက်သီးသန့်လျာထားမှုမရှိပါဘူး။ သို့သော် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လုပ်ငန်း တာဝန်ကိုယ်၌က (၁) ပြန်ကြားပေးရန် သို့မဟုတ် သတင်းအချက်အလက်ပေးရန် (၂) ပညာပေးရန်၊ (၃) ဖျော်ဖြေရန်ဆိုပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘတ်ဂျက်ခေါင်းစဉ်မှာ ပညာပေးလို့ သီးခြား မသတ်မှတ်သော်လည်းပဲ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်တစ်လုံးထဲမှာ ပညာပေးအစီအစဉ်များ ပြုလုပ်ရေးဟာ ပါဝင်ပြီးသကဲ့သို့ဖြစ်ပါတယ်။

ဒီပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပညာပေးဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီးတော့ အနည်းငယ် ရှင်းလင်းတင်ပြခွင့်ပြုပါ။ ကျွန်တော်တို့အနေနဲ့ ပညာပေးရေးအတွက်ကို အချိုးအစားချပြီးတော့ ဆောင်ရွက်တာရှိပါတယ်။ ဥပမာအားဖြင့် ရုပ်သံနှင့်ပတ်သက်တဲ့အပိုင်းမှာ ပြန်ကြားပေးရေးကို ၄၅ ရာခိုင်နှုန်း၊ ပညာပေး ရေးကို ၂၅ ရာခိုင်နှုန်း၊ ဖျော်ဖြေရေးကို ၃၀ ရာခိုင်နှုန်းလို့ သတ်မှတ်ပြီး ဆောင်ရွက်ပါတယ်။ ပြီးတဲ့နောက် ရေဒီယိုအစီအစဉ်များမှာတော့ ပြန်ကြားပေးရေးကို ၄၀ ရာခိုင်နှုန်း၊ ပညာပေးရေးကို ၃၀ ရာခိုင်နှုန်း၊ ဖျော်ဖြေရေးကို ၃၀ ရာခိုင်နှုန်းလို့ ဒီအချိုးအစားချပြီးတော့ ဒီအစီအစဉ်များကို စီမံခန့်ခွဲပြီးတော့ ထုတ်လွှင့်နေတာရှိပါတယ်။ အဲဒီတော့ ဒါက ပညာပေးရေး ကိစ္စအတွက်ကို အချိုးအစားချပြီး ဆောင်ရွက်နေတာဖြစ်တဲ့အကြောင်း တင်ပြတာဖြစ်ပါတယ်။

တစ်နည်းပြောရရင် ဘတ်ဂျက်မှာလည်းပဲ ဒီအချိုးအစားအလျောက် ပါဝင်သွားတယ်ဆိုတဲ့သဘောကို ထင်ရှားအောင်ပြောခြင်းဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရုပ်သံအပိုင်းတင်မကဘဲနဲ့ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ တခြားအဖွဲ့များဖြစ်တဲ့၊ ဌာနများဖြစ်တဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စတဲ့အပိုင်းတွေမှာ လည်းပဲ သတင်းအချက်အလက်ပေးခြင်းနှင့် အသိပညာပေးခြင်းတွေကို အစီအစဉ်ပေါင်းများစွာနဲ့ ဆောင်ရွက်နေတာရှိပါတယ်။ တခြားဝန်ကြီးဌာနများနှင့်ပတ်သက်ပြီးတော့ ဆက်သွယ်မေးမြန်းသိရှိ ရတဲ့အချက်များကိုပြောရမယ်ဆိုလို့ရှိရင် တချို့သော ဝန်ကြီးဌာနများမှာ သီးသန့်ဘတ်ဂျက်ခေါင်းစဉ် လျာထား ထားတာရှိပါတယ်။ ဥပမာ- သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှာရှိပါတယ်။ စိုက်ပျိုး ရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာ ရေးနှင့်အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှာ ပညာပေးအစီအစဉ်များ အတွက် သီးသန့်ဘတ်ဂျက်များသတ်မှတ်ထားကြောင်း သိရှိရပါတယ်။ သို့သော် အခြားဝန်ကြီးဌာနများ မှာ ၎င်းတို့ကဲ့သို့ ပညာပေးသီးသန့်ဘတ်ဂျက်များလျာထားခြင်းမရှိသော်လည်းပဲ ဒီပညာပေးဆိုတဲ့ ခြုံငုံ ခေါင်းစဉ်နဲ့မဟုတ်ဘဲနဲ့ အကြောင်းအရာတစ်ခုချင်းအလိုက် ပညာပေးဖို့လိုအပ်တဲ့ အကြောင်းကိစ္စများ အတွက်ကို ရန်ပုံငွေလျာထားပြီးတော့ ဆောင်ရွက်နေတာရှိတာကို သိရှိရပါတယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနမှာ အသိပညာပေးခြင်းခေါင်းစဉ်နှင့်ပတ်သက်လို့ သီးသန့် ရန်ပုံငွေသတ်မှတ်ထားတာမရှိဘူးလို့ ဆိုပါတယ်။ သို့သော် ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မှုခင်း ပညာပေးလုပ်ငန်းတွေ စတာတွေအတွက်ကို သတင်းလွှာတွေ၊ လက်ကမ်းစာစောင်တွေ ပုံနှိပ်ဖြန့်ဝေ တယ်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကနေပြီးတော့ ရုပ်သံအစီအစဉ်တွေ၊ ရေဒီယိုအစီအစဉ်တွေမှာ ထည့်သွင်းထုတ်လွှင့်ပေးနေတာတွေလည်းရှိတာကို အားလုံးတွေ့ရှိရမှာဖြစ်ပါတယ်။ အလားတူပဲ မီးသတ်ဦးစီးဌာနအနေနဲ့ဆိုရင်လည်းပဲ အစီအစဉ်ပေါင်းများစွာ သူတို့ထုတ်လွှင့်နေတာ၊ ဖြန့်ချိနေတာ တွေရှိပါတယ်။ မီးဘေးလုံခြုံရေးလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အတွက် ပြည်သူလူထုကို အသိပညာပေးတဲ့လုပ်ငန်းတွေကို နိုင်ငံပိုင်သတင်းစာတွေ၊ ပုဂ္ဂလိက ဂျာနယ်တွေ၊ သတင်းဌာနတွေမှာ အသိပညာပေးဆောင်းပါးတွေ ထုတ်ပြန်ပေးတာရှိပါတယ်။ ရုပ်သံ

လိုင်းတွေ၊ FM ရေဒီယိုလိုင်းတွေကနေတစ်ဆင့် ပညာပေးဇာတ်လမ်းတွေ၊ ဗွီဒီယိုတွေ၊ မီးဘေးလုံခြုံရေးအစီအစဉ်တွေ၊ မီးသတိမူရေးသီချင်းတွေ ထုတ်လွှင့်ဖော်ပြပေးနေတာရှိပါတယ်။ ဒီအပြင် စာသင်ကျောင်းတွေကို အခြေပြုတဲ့ မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်း၊ ရပ်ရွာကိုအခြေပြုတဲ့ မီးဘေးလုံခြုံရေးအသိပညာပေးလုပ်ငန်း စတာတွေအပြင်ကို Internet, Website နဲ့ လူမှုကွန်ရက်စာမျက်နှာ Facebook တို့ကနေတစ်ဆင့်လည်းပဲ ပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒီ့အပြင်မှာ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဌာနဖွင့်လှစ်ပြီးတော့လည်း အသိပညာပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေတာရှိပါတယ်။ ဒါ နမူနာအနေနဲ့ပြတာပါ။ အဲဒီတော့ ချုပ်ပြီးတော့ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဝန်ကြီးဌာနများအနေနဲ့ အများပြည်သူကို အသိပညာပေးရမယ့်ကိစ္စများနှင့် ပတ်သက်ပြီးတော့ ပညာပေးဖို့အစီအစဉ်တွေကို ပညာပေးရေးဆိုတဲ့ ခြုံငုံတဲ့ကဏ္ဍခေါင်းစဉ်နဲ့ ဘတ်ဂျက်သတ်မှတ်ပြီး ဆောင်ရွက်တာလည်းရှိပါတယ်။ အဲဒီလိုခေါင်းစဉ်သီးခြားသတ်မှတ်ချက်လည်း လိုအပ်တဲ့အကြောင်းအရာတစ်ခုချင်းအလိုက်အတွက်ကိုလည်း ရန်ပုံငွေများ လျာထားပြီး သုံးစွဲဆောင်ရွက်နေတာလည်းရှိပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနများအနေနဲ့ ဒီပညာပေးတဲ့လုပ်ငန်းများကို အဆိုရှင်တင်ပြခဲ့သလိုပဲ အထူးအလေးအနက်ထားပြီးတော့ ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ချို့ယွင်းချက်၊ အားနည်းချက်များ ရှိနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ နားလည်သိရှိပါတယ်။ ဒါကြောင့်မို့လို့ နောက်ပိုင်းကာလမှာ ဒီပညာပေးအစီအစဉ်တွေနဲ့ပတ်သက်လို့ရှိရင် ပိုပြီးတော့ထိရောက်အောင်၊ ရရှိတဲ့ဘတ်ဂျက်နဲ့ တန်ဖိုးလိုက်လျောညီထွေစွာ တန်ဖိုးရှိအောင်၊ ထိရောက်မှုရှိအောင် ဆောင်ရွက်သွားဖို့လိုတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တို့ အလေးအနက်ခံယူမှာဖြစ်ပါတယ်။ ပြီးတဲ့နောက် ဆက်လက်ပြီးတော့ ပြောချင်တာကတော့ အခု အဆိုနှင့်ပတ်သက်လို့ကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနများသည် ပညာပေးအစီအစဉ်များကို ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ၊ ရှေ့ကိုလည်းပဲ ဆက်လက်ပြီးတော့ လေးစားစွာဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုပြုချက်ကိုတော့ လွှတ်တော်က မှတ်တမ်းတင်ထားပေးပါလို့ လေးစားစွာ ဆွေးနွေးတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။အားလုံးကို ကျေးဇူးတင်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မက ဒီအဆိုကို တင်ခဲ့တဲ့နေရာမှာ ဆွေးနွေးသွားတဲ့၊ ထောက်ခံသွားတဲ့သူအားလုံးကိုလည်း ကျေးဇူးတင်ပါ

တယ်။ ဒီနေရာမှာ ဘတ်ဂျက်ကို အဓိကထားပြီးတော့ ပြောကြတာကို သတိထားမိပါတယ်။ သာမန် အသုံးစရိတ်ထဲမှာရှိပေမဲ့ မဖြစ်မနေလုပ်စေချင်လို့၊ အရေးကြီးကြောင်းကို သတိထားမိစေချင်လို့၊ အလေးအနက်ထားစေချင်လို့ တင်ခဲ့တာဖြစ်ပါတယ်။ သီးသန့်မဖြစ်မနေလုပ်ဖို့ တွန်းအားပေးစေချင်တာ ဖြစ်ပါတယ်။ ပြည်သူတွေနဲ့ထိတွေ့နေတဲ့ အောက်ခြေဝန်ထမ်းက အရေးကြီးဆုံးပါလို့ သတိပြုမိစေချင်တာဖြစ်ပါတယ်။ ကျွန်မတို့ငယ်ငယ်ကတည်းက သင်ခဲ့ရတဲ့ ကျေးသားညီနောင်ပုံပြင်ရှိပါတယ်။ လိမ္မာအောင်သင်ခံရရင် လိမ္မာပါတယ်။ မိုက်ရိုင်းအောင် အသင်ခံရရင် မိုက်ရိုင်းပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေဆိုတာ ကျွန်မတို့ငွေရှိရင် ချက်ချင်းရပါတယ်။ ပညာရေးဌာန၊ စာရိတ္တအချိန် တွေမှာ ကိုယ်ကျင့်တရားကို အထူးဂရုပြုပြီး ပညာပေးစေချင်လို့ ဒီအဆိုကိုတင်ခဲ့တာဖြစ်ပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာများကို ပညာပေးဖို့ဆိုတာဟာ အချိန်အများကြီး ယူရပါတယ်။ ငယ်ငယ်ကတည်းက သင်ရပါတယ်။ အထူးသဖြင့် ပညာရေးမှာ ၉၉ မှတ်ကနေ ၁၀၀ မှတ်ရဖို့ပဲ အရေးကြီးနေကြလို့၊ All D နဲ့အောင်ဖို့ပဲ အရေးကြီးနေကြလို့၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေဖြစ်ဖို့ပဲ အာရုံစိုက်နေကြလို့ ဒီစာရိတ္တမဏ္ဍိုင်အရေးကြီးကြောင်းကို သတိထားမိစေချင်လို့ တင်ခဲ့တာဖြစ်ပါတယ်။ ပညာပေးတယ်ဆိုတာဟာ ပြန်မရနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုမဟုတ်ပါဘူး။ အရင်းနည်းပေမယ့် အမြတ်များပါတယ်။ စာရိတ္တမဏ္ဍိုင်တွေမခိုင်ခဲ့ကြလို့၊ ဗဟုသုတတွေနည်းခဲ့ကြလို့ အရက်ကျေးကျွန်၊ မူးယစ်ဆေးဝါးကျေးကျွန်တွေဖြစ်လာတာ၊ ကိုယ်ချင်းစာတရားနည်းပါးကြလို့၊ ကြောက်လို့ မလုပ်တာနဲ့ သိလို့မလုပ်တာ မတူပါဘူး။ မကောင်းမှုကိုမလုပ်တာကို၊ ကျင့်ဝတ်တွေ မစောင့်ထိန်းတဲ့ ဝန်ထမ်းတွေဖြစ်လာတာ၊ ပြည်သူကိုအလုပ်အကျွေးပြုဖို့ တာဝန်ကိုမေ့လျော့တာ၊ အထူးသဖြင့် မတရားသဖြင့်ရတာတွေကို အထင်ကြီးအားကျနေတာ၊ ရှုံ့ရှာရှက်ရွံ့ရမှာကို မရှက်တာ၊ ရိုးရိုးသားသားဆင်းရဲတာကို သိမ်ငယ်နေတာ၊ အဖွဲ့အစည်းနဲ့ပူးပေါင်းပြီးတော့ လက်တွဲညီညာ လုပ်ရမယ့်ကိစ္စတွေမှာ မကူညီကြဘဲ ပြိုင်ဖက်တွေလို သဘောထားတတ်လာတာ၊ ဂုဏ်ပြုအားပေးရမယ့်ကိစ္စတွေကို ဂုဏ်ပြုအားပေးရမှန်း၊ အသိအမှတ်ပြုရမှန်းမသိတော့တာ ဒါမျိုးတွေကို သတိပြုမိစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ပညာရေးမဏ္ဍိုင်၊ ကျန်းမာရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်တွေလိုပဲ စာရိတ္တမဏ္ဍိုင်သည်လည်း အထူးအရေးကြီးကြောင်း သတိထားမိစေလိုလို့၊ သိစေလိုလို့ တင်ပြခဲ့တာဖြစ်ပါတယ်။ မိမိရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တာဝန်ကို ထမ်းဆောင်ခြင်းသာဖြစ်လို့ အကောင်အထည်ဖော်ဖို့ကတော့ အစိုးရရဲ့တာဝန်ဖြစ်လို့ ဝန်ကြီးဌာနရဲ့သဘောထားအတိုင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ငါးဦးက ဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်က ရှင်းလင်းပြောကြားတဲ့နေရာမှာ အဆိုကို အတည်ပြုခြင်း၊ အတည်မပြုခြင်း၊ မှတ်တမ်းတင်ခြင်း သဘောထားတစ်ခုမှမပေးပါဘူး။ အဆိုကို အကောင်အထည်ဖော်ဖို့ရာ ဝန်ကြီးဌာနရဲ့သဘောပါပဲလို့ ဒီလိုပြောသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေ မေးခွန်းမေးတဲ့အခါမှာ၊ အဆိုတင်တဲ့အခါမှာ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေကို ကျေညက်ဖို့၊ အံဝင်ဂွင်ကျဖြစ်ဖို့ ကျွန်တော်အမြဲလိုလို မကြာခဏသတိပေးခဲ့ပါတယ်။ ဒီအဆိုဟာ ရည်ရွယ်ချက်နဲ့ စေတနာကောင်းပါတယ်။ ရည်ရွယ်ချက်နဲ့ စေတနာပါပေမဲ့လည်း လုပ်နည်းလုပ်ဟန်က မှန်ဖို့လည်းလိုတယ်။ ဘာလဲလို့ဆိုလို့ရှိရင် ဒီနေရာမှာ ပညာပေးက အခုနက ပြောသလို၊ အဆိုရှင်ဆွေးနွေးသလို မူးယစ်ဆေးဝါးကိစ္စဖြစ်စေ၊ လယ်ယာမြေကိစ္စဖြစ်စေ၊ အကျင့်စာရိတ္တကိစ္စတွေပဲဖြစ်စေ တစ်ခုခုကို ရည်ညွှန်းပြီးတော့ ထိထိရောက်ရောက်ဖြစ်ဖို့အတွက်၊ အဲဒီတစ်ခုခု ကို ရည်ညွှန်းပြီးတော့ ဆုပ်ဆုပ်ကိုင်ကိုင်လေးမေးဖို့လိုတယ်၊ အဆိုတင်ဖို့လိုတယ်။ ဒီမှာရေးထားတာက သက်ဆိုင်ရာဌာနများမှ ဝန်ကြီးဌာနအားလုံးပါတယ်။ တစ်ခုမှမလွတ်ဘူး။ သက်ဆိုင်ရာဌာနများက ပညာပေးအစီအစဉ်များ၊ အခုနက အဆိုရှင်ပြန်လည်ဆွေးနွေးသလို အကျင့်စာရိတ္တအတွက်၊ မူးယစ်ဆေးဝါးအတွက်၊ ပညာရေးတွေအတွက် အဲဒီလို သီးခြားသီးခြားတစ်ခုခု၊ Issue မဟုတ်ဘူး။ အဆိုကိုတင်တဲ့အခါမှာ အဆိုရဲ့စည်းကမ်းမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈(က)မှာ ရှင်းလင်းပြတ်သား၍ တိကျစွာဖော်ပြသော အကြောင်းရပ်တစ်ခု။ အဲဒီတော့မှ ကိုယ်ရဲ့အဆိုက အောင်မြင်မယ်။ ရှင်းလင်းပြတ်သားရမယ်၊ တိကျတဲ့အကြောင်းရပ်တစ်ခု။ ဥပမာဆိုလို့ရှိရင် မူးယစ်ဆေးဝါးကို ပညာပေးမလား၊ အခုနက အကျင့်စာရိတ္တပျက်တာ ပညာပေးမလား အဲဒါဆို

သူ့ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ရှင်းလင်းလိမ့်မယ်။ ပညာရေးကိစ္စ ပညာပေးမလား။ လယ်ယာမြေကိစ္စ ပညာပေးမလား။ အဲဒီလိုဆိုရင်တော့ သူ့ဆိုင်ရာဝန်ကြီးဌာနကလာပြီးတော့ လုပ်ပေးနိုင်တာ၊ မလုပ်ပေးနိုင်တာဆိုရင် အဆိုဟာပိုပြီးတော့ ဆုပ်ဆုပ်ကိုင်ကိုင်ဖြစ်တယ်။ ခိုင်မြဲတယ်။ အခု ဝန်ကြီးဌာနအားလုံးအတွက် ပညာပေးဖို့သက်သက်ပဲလုပ်လိုက်တော့ ပြန်ကြားရေးဝန်ကြီးဌာနက အဲဒီဝန်ကြီးဌာနအားလုံးကို တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာ တော်တော်ခက်ခဲတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အဆိုတစ်ခုတင်တဲ့အခါမှာ ခုနကပြောတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈(က)မှာ မြန်မာစာစကားရေးထားတာ ရှင်းရှင်းလေး။ ရှင်းလင်းပြတ်သား၍ တိကျစွာဖော်ပြသော အကြောင်းရပ်တစ်ခု။ အဲဒါလေးတွေ ကျွန်တော်တို့ လိုက်နာဖို့လိုတယ်။ ဒါမှ ကိုယ့်ရဲ့အဆိုက အောင်မြင်မှု၊ ပေါက်ရောက်မှု၊ ထိရောက်မှုဆိုတာရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အဆိုတွေ၊ မေးခွန်းတွေမေးတဲ့အခါမှာ ဒါလေးတွေကို ဂရုစိုက်ပါ။ အဆိုကောင်းတယ်။ ကောင်းတာက အားလုံးနဲ့ပတ်သက်တယ်။ တစ်ခုမှမလွတ်ဘူး။ အဲဒီတစ်ခုမှ မလွတ်လို့လည်း အခုလွတ်သွားတယ်။ အဲဒါပဲ။ အဲဒီအခါကျတော့ အဆိုရှင်အနေနဲ့က ကိုယ်သည်ကိုယ်စားလှယ်တစ်ယောက်ပါ။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ကျွန်တော် အမြဲပြောပါတယ်။ ဂုဏ်သရေရှိလူကြီးမင်းပါ။ လူကြီးလူကောင်းတွေပါ။ ဂုဏ်သရေရှိလူကြီးလူကောင်းပါ။ ကိုယ့်အဆိုက အတည်ဖြစ်တာရှိမယ်၊ အတည်မဖြစ်တာရှိမယ်၊ မှတ်တမ်းတင်တာရှိမယ်၊ မှတ်တမ်းတင်စောင့်ကြည့်ခြင်းရှိမယ်။ ကိုယ့်ခံစားချက်နဲ့ ကိုယ့်စိတ်နဲ့မတိုက်တာနဲ့တော့ အခုနက နည်းဥပဒေမှာပါတဲ့ မှတ်တမ်းတင်မှာလား၊ မှတ်တမ်းတင်စောင့်ကြည့်မှာလား၊ အတည်ပြုမှာလား၊ အတည်မပြုဘူးလား တစ်ခုခုမှမဖြေဘဲနဲ့ ကိုယ်ပြောချင်သလိုပြောမယ်ဆိုတဲ့ စိတ်ကိုတော့လျှော့ပါ။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေကိုတော့ လေးစားလိုက်နာပါ။ ကိုယ်သည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေပြီ။ မေးတဲ့မေးတဲ့အတိုင်း လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအတိုင်းပဲ ဆောင်ရွက်ပေးပါ။ ကိုယ်လိုချင်တဲ့အဖြေတစ်ခုကို မရတာနဲ့ ဝွတိုက်မယ်တော့ မစဉ်းစားပါနဲ့။ ဒါ ကျွန်တော်ရိုးရိုးလေးပဲ ပြောပါတယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေကို ကျေညက်အောင်လုပ်ပါ။ ကိစ္စတိုင်းသည် ကိုယ်လိုချင်တာရမယ်ချည်းပဲ မှတ်မထားပါနဲ့။ လောကမှာကိုယ်လိုချင်တာရမယ်ချည်းပဲဆိုရင် အားလုံးဟာ အဆင်ပြေသွားမှာပဲ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တွေသည် လုပ်တဲ့ကိုင်တဲ့အခါမှာ လွှတ်တော်ထဲမှာ လုပ်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်တယ်။ ကြိုက်ချင်း၊ မကြိုက်ချင်းက တစ်ပိုင်းထား။ ဒီဥပဒေကို လိုက်နာနိုင်ခြင်း၊ မနိုင်ခြင်းက တစ်ပိုင်းထား။ သို့သော် ကိုယ်စားလှယ်ဖြစ်ပြီဆိုရင်တော့ ဒီဥပဒေကို

ကိုယ်ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ကျွန်တော်ကအစ ဒီလွှတ်တော်ဆိုင်ရာတည်ဆဲဥပဒေ ဘယ်ဥပဒေ မဆို တည်ဆဲဥပဒေတော့လိုက်နာနေရမှာပဲ။ အဲဒီတော့ တည်ဆဲဥပဒေအတိုင်းပဲ နောက်ကို ကိုယ်စားလှယ်တွေက ဖြေပေးပါ။ အတည်ပြုဖို့ဆိုရင်လည်း မဲခွဲဖို့ လုပ်ပေးလိုက်မယ်။ အတည်မပြုဘူး ဆိုရင်လည်း မပြုတဲ့အတိုင်း။ ဝန်ကြီးဌာနက မှတ်တမ်းတင်မယ်။ ဒီဘက်က အတည်မပြုဘူး ဆိုရင်လည်း မဲခွဲပေးလိုက်။ မှတ်တမ်းတင်ခြင်းနဲ့ မှတ်တမ်းတင်စောင့်ကြည့်ခြင်းဆိုရင်လည်း မဲခွဲ ပေးလိုက်မယ်။ ဒါဟာ လွှတ်တော်ကိုယ်စားလှယ်ရဲ့အခွင့်အရေးကို ကျွန်တော်က အားလုံးကို ညီတူညီမျှ ဘယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်စေ လွှတ်တော်အစည်းအဝေးထဲရောက်လာရင် အားလုံး လွှတ်တော်ကိုယ်စားလှယ်ပဲ။ အဲဒီအတိုင်း ကျွန်တော်ညီညီမျှမျှပေးတယ်။ အဲဒီတော့ အဲဒီလို လေးတော့ လေးစားလိုက်နာပေးပါ။ ကိုယ်စားလှယ်ရဲ့သဘောထားပြောပါဆို တစ်ခုမှမပြောဘဲနဲ့ ဆောင်ရွက်ခြင်း၊ မဆောင်ရွက်ခြင်းကို ဝန်ကြီးဌာနသဘောဆိုတာတော့ ဒီလိုကန့်လန့်တော့ မဖြေပါနဲ့။ ဒါ ကျွန်တော် အခု အလေးအနက်ပြောထားတာဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၂။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၂၂ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် (၂၁.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ် များနှင့် ဝန်ကြီးများ**


ဦးစောထွန်း (မုဒုံ မဲဆန္ဒနယ်)


ဦးငွေမင်းသိန်း (ကြို့ပင်ကောက် မဲဆန္ဒနယ်)


ဒေါက်တာ မင်းသိန်း (ရေဦး မဲဆန္ဒနယ်)


ဒေါ်တင်တင်ရီ (ကျွန်းစု မဲဆန္ဒနယ်)


ဒေါ်ယဉ်မင်းလှိုင် (ဂန့်ဂေါ မဲဆန္ဒနယ်)


ဦးဝင်းမော်ထွန်း (ပညာရေးဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်